# ကြေးမုံ
The Mirror Daily

၁၉၅၇ ဇူပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)


၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 May 2019 ၉၆၅၇


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၂၀ ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံမှာကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ၂၀၂၀ ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ၂၀၂၀ ရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းများပြုစုနေမှု၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ရွေးကောက်ပွဲလုပ်ငန်းစဉ်များ သင်တန်းပို့ချနေမှု၊ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလတို့တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အခြေခံပညာအလယ်တန်းအဆင့် (သင်ရိုးသစ်) Grade-6 ခရိုင်အဆင့် ဆွေးနွေးပွဲ/သင်တန်းသို့ လာရောက်ကြည့်ရှုအားပေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာသင်ခန်းများအတွင်း ပြသထားသည့် သင်ရိုးဟောင်း၊ သင်ရိုးသစ် သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ကြည့်ရှုစဉ်။

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည့် နေပြည်တော် ဒက္ခိဏခရိုင်၏ အခြေခံပညာအလယ်တန်းအဆင့် (သင်ရိုးသစ်) Grade-6 ခရိုင်အဆင့် ဆွေးနွေးပွဲ/သင်တန်းသို့ လာရောက်ပြီး ဆရာ ဆရာမများ Grade-6 သင်ရိုးသစ် သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ မျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

## ကြေးမုံ ယနေ့ဖတ်စရာ


**၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဗျူဟာမြောက်လုပ်ငန်းစီမံကိန်းများကို Project Bank တွင် ထည့်သွင်းဆောင်ရွက်ရမည်**

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၇

**ကမ္ဘာ့နိုင်ငံများနည်းတူ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုရှိစေရေး ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိ**

အမျိုးသားလွှတ်တော် စာမျက်နှာ » ၈



**အင်ဒိုနီးရှား ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒို အနိုင်ရ**

စာမျက်နှာ » ၁၃





## ကြေးမုံ

# ဝသန်မိုးဦးကာလ ရောက်ပြီဆိုလျှင်

ဝသန်ကာလ မိုးကျပြီဆိုလျှင် ပြည်သူများအနေဖြင့် သတိမူမိရန်နှင့် ပြင်ဆင်အပ်သည်တို့ကို ပြင်ဆင်ဆောင်ရွက်ထားကြရမည် ဖြစ်သည်။ ယခုရာသီကာလအနေဖြင့် စိုက်ရေး၊ ပျိုးရေး၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်တို့ကို သတိမူမိကြရန်အလို့ငှာ သက်ဆိုင်ရာတို့က နေ့စဉ်နှင့် အမျှ အသိပေးနေသောနှိုးဆော်ချက်များကို သတိမူလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။

အမှန်တကယ်တွင် မုတ်သုံရာသီဝင်ရောက်ပြီဟု ဆိုသော်လည်း သိသိသာသာ ထဲထဲဝင်ဝင်တော့ မဟုတ်သေးချေ။ ပူပြင်းသောနွေရာသီကာလနှင့် မိုးကြိုရာသီစပ်ကူးမပ်ကူးကာလဖြစ်၍ နေရာတိုင်း၊ ဒေသတိုင်း၊ လူတိုင်း သတိပြုနေထိုင်လုပ်ကိုင်ကြရန် လိုအပ်ပါသည်။ မြန်မာပြည်အောက်ပိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဟု ဆိုသော်လည်း သဘောမျှသာရှိသေးသည်။ အထက်အရပ်တွင် အပူရှိန်ပြင်းထန်နေဆဲ၊ လေပြင်းများလည်းတိုက်ခတ်ဆဲမို့ အထူးသတိထားနေကြရမည် ဖြစ်သည်။

မိုးရာသီကာလတွင် ပြည်သူအားလုံး လက်တွဲပါဝင်ဆောင်ရွက်ကြရမည့်အချက်မှာ မြန်မာပြည်တစ်ဝန်း စိမ်းလန်းစေဖို့ သစ်ပင်စတင်စိုက်ပျိုးကြဖို့ ဖြစ်ပါသည်။ မျက်မှောက်ကာလ မြန်မာပြည်သာမက ကမ္ဘာနှင့်တစ်ဝန်း၌ ရင်ဆိုင်ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များဖြစ်ပွားရခြင်း အကြောင်းရင်းသည် သစ်ပင်သစ်တောများပြုန်းတီးမှုကြောင့် ရာသီဥတုပြောင်းလဲလာကာ လူတို့ဘေးဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းဖြစ်သည်။

သစ်ပင်များသည် လူတို့ကိုအန္တရာယ်ပေးနိုင်သော လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူပေးခြင်းသာမက သဘာဝ ပတ်ဝန်းကျင် မပျက်စီးမယိုယွင်းစေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးသည်။ သစ်ပင်တစ်ပင်စိုက်ပျိုးခြင်းသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အတွက် မျိုးစေ့ချပေးခြင်းဖြစ်ပြီး လူအများကိုကယ်တင်စောင့်ရှောက်ပေးသည့် ကောင်းသောအမှုဖြစ်သည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းကို အပေါ်ယံအလုပ်ဟုသဘောမထားဘဲ ယခုနှစ်မိုးရာသီတွင် တက်ညီလက်ညီစိုက်ပျိုးကြရန် ဖြစ်သည်။

အပူချိန်ပြင်းထန်လွန်းသောအချိန်တွင် စိုက်ရေး၊ ပျိုးရေး၊ ပျိုးထောင်ရေး၌ စိုက်ရေ၊ မိုးရေတို့ကိုအထူးသတိပြုသုံးစွဲရမည်ဖြစ်သည်။ မြေလွှာအပူလွန်ကဲချိန်တွင် မိုးရေထိ၍ အပင်များညှိုးနွမ်းမှု မဖြစ်စေရေးနည်းမှန်လမ်းမှန် အပင်ရေဖျန်းစနစ်ဖြင့်ဆောင်ရွက်ပြီး ပုံမှန်လုပ်ငန်းများ၌ တောင်သူဦးကြီးများသာမက ပြည်သူများပါ ကျန်းမာရေးထိခိုက်မှု မရှိအောင် သတိပြုနေထိုင်လုပ်ကိုင်ကြရမည် ဖြစ်သည်။ ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်နိုင်သဖြင့် ကာကွယ်ရေးအတွက် သက်ဆိုင်ရာတို့နှင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။

မိုးကြိုကာလ ယခု မေလနှင့် မိုးနှောင်းကာလ အောက်တိုဘာလတို့တွင် အများအားဖြင့် မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ လျှပ်စီးလက်ခြင်းတို့ ဖြစ်ပေါ်တတ်သဖြင့် လယ်ယာလုပ်ငန်းခွင်မှ တောင်သူဦးကြီးများအဖို့ အထူးသတိထားရမည်ဖြစ်သလို မြို့ပြကျေးလက်နေအိမ်များမှ ပြည်သူများလည်း သတိပြုနေထိုင်လုပ်ကိုင်ကြရမည် ဖြစ်သည်။ မိမိတို့အနီးတစ်ဝိုက်တွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်းတို့ မကြာခဏဖြစ်ပေါ်နေပါက မိုးကြိုးပစ်နိုင်သောအန္တရာယ်ရှိသည်ကို သိထားရမည် ဖြစ်သည်။

မိုးကြိုးလျှပ်စီးမဖြစ်မီ၊ ဖြစ်ပြီးကာကွယ်မှုများကို ဆောင်ရွက်ထားရမည်ဖြစ်ရာ နေအိမ်၊ အဆောက်အအုံများတွင် မိုးကြိုးလွှဲများတပ်ဆင်ထားခြင်း၊ အလင်းရောင်ဝင်နိုင်သော ပြတင်းပေါက်များကို အကာအကွယ်တပ်ဆင်ခြင်း၊ လျှပ်စစ်မီးအလိုအလျောက်ဖြတ်သော မိန်းခလုတ်တပ်ဆင်ခြင်း၊ လျှပ်စီးလက်စဉ်၊ မိုးကြိုးပစ်နေစဉ် မိုဘိုင်းဖုန်းအသုံးပြုခြင်း၊ သံနှင့်ပြုလုပ်ထားသော အရာများနှင့်ဝေးဝေးနေခြင်း၊ လျှပ်စီးလက်မှု ဖြစ်ပွားစဉ်ရေသုံးစွဲခြင်း၊ ရေချိုးခြင်းနှင့် လျှပ်စီးဝင်နိုင်သော သတ္တုနှင့်ဆက်စပ်ပစ္စည်းများကို သတိပြုရန်လိုအပ်ပါသည်။

သို့ဖြစ်ရာ ဝသန်ကာလ ယခုကျရောက်တော့မည့် မိုးကြိုကာလသည် ယခင်ရာသီအကူးအပြောင်းကာလများနှင့်မတူဘဲ ပြင်းထန်သောပူခြင်းမှ အေးခြင်းသို့ ကူးပြောင်းခြင်းဖြစ်၍ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးနှင့် လူနှင့်တိရစ္ဆာန်တို့ဆိုင်ရာ ကျန်းမာရေးနှင့်အသက်အန္တရာယ် ကင်းဝေးစေရန် သတိပြုရှောင်ကြဉ်ဖွယ်ရာများကို အလေးထားလိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# သန်ကောင်ရောဂါကာကွယ်ရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေး လူထုလှုပ်ရှားမှု ရခိုင်ပြည်နယ်၌ ကျင်းပ



**စစ်တွေ မေ ၂၁**

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော ရေချိုခရုမှတစ်ဆင့် ကူးစက်သော သန်ကောင်ရောဂါကာကွယ်ရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာပေး လူထုလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်ထွေးတို့က အဖွင့်အမှာစကား ပြောကြားသည်။

### အကြံပြုဆွေးနွေး

ဆက်လက်၍ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကြည်လွင်က ရခိုင်ပြည်နယ်အတွင်း သန့်ရှင်းရေး ပညာပေးအစီအစဉ်များ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဆောင်ရွက်ရန် လိုအပ်ချက်များကို အကြံပြုဆွေးနွေး တင်ပြသည်။ ထို့နောက် "သန်ကောင်ရောဂါကာကွယ်ရေး သန့်ရှင်းမှုကို အလေးပေး" Photo Essay ကိုပြသသည်။

### နည်းပညာဆိုင်ရာပံ့ပိုး

"ကျွန်မတို့က ဒီအခမ်းအနားတစ်ခုတည်းနဲ့တင် ရပ်နားသွားမှာမဟုတ်ဘဲ မြို့နယ်တွေ၊ ကျေးလက်တောရွာတွေအထိ ပညာပေး လှုပ်ရှားဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်။ ပထမဆုံး စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်နဲ့ မင်းပြားမြို့နယ်တွေမှာ စပြီးဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ ရခိုင်ပြည်နယ်တစ်ခုလုံး ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်သွားဖို့လည်းရည်မှန်းထားပါတယ်။ ဒုတိယ တစ်ချက်က မနှစ်က သိခဲ့ရတဲ့ ရေချို ခရုက တစ်ဆင့်ကူးစက်တတ်တဲ့ ရောဂါဖြစ်ပါတယ်၊ ဒီကူးစက်ရောဂါကတော့ ယင်လုံအိမ်သာ မသုံးတဲ့အခါ ဖြစ်ပွားမှုနှုန်းက မြန်လည်းမြန်တယ်၊ များလည်းများတယ်။ ဒီရောဂါဖြစ်ပွားမှုနှုန်းကို အခြေပြုပြီး သန့်ရှင်းရေးလုပ်ငန်းတွေကို ဒီထက်ပိုပြီး အရှိန်မြှင့်ဆောင်ရွက်ဖို့ စီစဉ်တာဖြစ်ပါတယ်။ Unicef အဖွဲ့ အပါအဝင် အခြားအဖွဲ့တွေရဲ့ပူးပေါင်းမှုအင်အားနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ မီဒီယာတွေကတစ်ဆင့် သန့်ရှင်းရေးနဲ့ပတ်သက်တဲ့ အသိပညာတွေကို ပြည်သူလူထုဆီကို များနိုင်သလောက်များအောင် ပို့ပေးကြဖို့လည်း မေတ္တာရပ်ခံချင်ပါတယ်။ ကျွန်မတို့က နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုတွေကို ပေးသွားမှာဖြစ်ပြီး အဓိက အသေးစိတ်ဆောင်ရွက်သွားမှာက ပြည်နယ်ကျန်းမာရေးဦးစီးဌာနကဦးဆောင်ပြီး ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် သူတို့လိုအပ်တာတွေကို ကျွန်မတို့က ချိတ်ဆက်တာတွေ၊ ပံ့ပိုးတာတွေကို လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (ရုံးချုပ်) ကျန်းမာရေးအသိပညာပေး ဌာနခွဲမှ ဒေါက်တာဖြူဖြူအေးက ပြောသည်။

### ပူးပေါင်းဆောင်ရွက်

"ရခိုင်ပြည်နယ်မှာ အဓိက သုံးမြို့ကို ဦးစားပေးမြှင့်တင်သွားဖို့ ဖြစ်ပါတယ်။ ကျန်တဲ့မြို့နယ်တွေကိုလည်း ဆက်လုပ်သွားမှာဖြစ်ပါတယ်။ အဓိကကတော့ အသိပညာမြှင့်တင်တာတွေ၊ ယင်လုံအိမ်သာ ဆောက်လုပ်ပေးဖို့အတွက် ကျောင်းတွေမှာ အဓိကထားပြီး ယင်လုံအိမ်သာသုံးစွဲမှုတွေကို ပညာပေးတာတွေနဲ့ ယင်လုံအိမ်သာ စံပြရှိအောင် ဆောက်လုပ်ပေးသွားပါမယ်။ နောက်တစ်ခုကတော့ ရွာတွေမှာ စံပြအနေနဲ့ ကျန်းမာရေးဌာနနဲ့ လူစည်ကားရာနေရာတွေမှာ စံပြယင်လုံအိမ်သာတစ်ခု ဘယ်လိုဆောက်ရတယ်ဆိုတာကို နမူနာဆောက်ပြသွားပါမယ်"ဟု ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကြည်လွင်က ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း စံပြယင်လုံအိမ်သာများကို မြို့နယ်သုံးမြို့နယ်တွင် အလုံး ၂၀ ကို စံပြဆောက်လုပ်ပေးပြီး အသိပညာပေးလှုပ်ရှားဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**တင်ထွန်း(ပြန်/ဆက်)**

# ကလေးမြို့ပြည်သူ့ဆေးရုံကြီးတွင် နားလေးရောဂါခံစားနေရသူများအား အခမဲ့ခွဲစိတ်ကုသပေး

**ကလေး မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးတွင် နားလေးရောဂါကာကွယ်ရေးအစီအစဉ်အရ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများရှိ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံမှ ခွဲစိတ်အထူးကုဆရာဝန်များအဖွဲ့ ၁၄ ဦးက ကလေးမြို့နယ်အတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် နားလေး ရောဂါခံစားနေရသူများကို ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် အခမဲ့ ခွဲစိတ်ပေးခြင်း လုပ်ငန်းများကို မေ ၂၁ ရက် မှ ၂၄ ရက်အထိ လေးရက်ကြာကုသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နားလေးရောဂါစီမံချက်ဖြင့် အထောက်အပံ့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တစ်ရက်လျှင် ၁၀ ဦးနှုန်းဖြင့် ခွဲစိတ်ရန်အရေးကြီးသည့်လူနာ ၄၀ ကို ခွဲစိတ်ပေးရန် ရည်ရွယ်ထားကြောင်းသိရပြီး ဒေသခံ ဆရာဝန်ကြီးများ၏ အကူအညီအရ ပြင်ပလူနာကြည့်ပေးခြင်းတွင် တစ်ရက်လျှင် ဦးရေ၂၀၀ နှုန်းဖြင့် ကြည့်ရှုကုသပေးမည်ဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း(ဂန့်ဂေါ)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၁**

ရန်ကုန်(ရွှေဈေး) ၁၀၄၅၅၀၀ - ၁၀၄၅၅၀၀ မန္တလေး(ရွှေဈေး) ၁၀၄၅၅၀၀ - ၁၀၄၅၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၀၀ ကျပ်၊ | ၁၀၁၅/၁၀၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၇၀ ကျပ်၊ | ၁၀၁၀/၁၀၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၁၀ ကျပ်၊ | ၉၄၅/၉၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၁၀ ကျပ်၊ | ၁၀၃၀/၁၀၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၃၈/၉၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၅၀/၉၆၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၇၅/၈၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၁.၃ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၈.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၃.၀၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၃၁၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၂၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၉၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၉.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၉၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၀.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၇.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

☆ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို စနစ်တကျဖွဲ့စည်းရေး၊ မဲရုံမှူးများ၊ အဖွဲ့ဝင်များကို မှန်မှန်ကန်ကန် တာဝန်ပေးရေး၊ မဲရုံများ၏လုံခြုံရေး အပြည့်အဝရှိစေရေးနှင့် မဲဆန္ဒနယ်မြေများ သတ်မှတ်ရေး၊ ၂၀၂၀ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားအားလုံး မဲပေးခွင့် အပြည့်အဝရရှိစေရေးနှင့် မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး၊ မဲစာရင်းများပြုစုရာတွင် တိကျမှုရှိစေရေး၊ ကြိုတင်ဆန္ဒမဲများ မှန်ကန်မှုရှိစေရေး၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများ မဖြစ်ပေါ်စေရေး၊ ဆန္ဒမဲရေတွက်ခြင်းနှင့် ရလဒ်ကြေညာပေးရေး စသည်တို့နှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေး၊ ဦးညွန့်စိန်၊ ဦးသက်ထွန်း၊ ဦးမြင့်အောင်၊ ဦးစောဒယ်နီရယ်ကြည်၊ ဦးအောင်စိုးဝင်း၊ ဦးသန်းအောင်၊ ဦးမင်းဆွေနှင့် ဦးဆွေတင့်လွင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# အဓမ္မခိုင်းစေမှုပပျောက်ရေး အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၁**

အဓမ္မခိုင်းစေမှုပပျောက်ရေးနှင့်ပတ်သက်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုပပျောက်ရေး တိုင်ကြားမှုယန္တရား (National Complaints Mechanism) မထူထောင်မီ တိုင်ကြားစာ လက်ခံဖြေရှင်းရေး လုပ်ငန်းစဉ်များကို အတည်ပြုနိုင်ရန် အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ (High Level Working Group-HLWG) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အကောင်အထည်ဖော်**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံအနေဖြင့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံထားပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုအရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း ၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် (၃၃၅)ကြိမ်မြောက် ILO အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးတွင် ILO ညွှန်ကြားရေးမှူးချုပ်က တင်ပြသည့် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာတွင် ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများ၌ အဓမ္မခိုင်းစေမှုများ ရှိနေသေးသည်ဟု ဖော်ပြထားပါကြောင်း။

သို့ဖြစ်ပါ၍ အဓမ္မခိုင်းစေမှုပပျောက်ရေးနှင့်ပတ်သက်ပြီး အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံနိုင်သည့် လုပ်ငန်းစီမံချက် လက်တွေ့အကောင်အထည်ဖော်ရေးနှင့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုပပျောက်ရေး တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ ၂၀၁၉ ခုနှစ် မတ် ၄ ရက်က ကျင်းပခဲ့သည့် High Level Working Group- HLWG အစည်းအဝေးတွင် ILO က အဆိုပြုလာသည့် အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းစီမံချက် (Action Plan)နှင့် အတူ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုပပျောက်ရေးတိုင်ကြားမှု ယန္တရား (National Complaint Mechanism) ထူထောင်ရေး၊ အမျိုးသားအဆင့်တိုင်ကြားမှုယန္တရား မထူထောင်မီ ကြားကာလအတွင်း တိုင်ကြားစာများ လက်ခံဖြေရှင်းရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်များ ပေးပို့ခဲ့ပါကြောင်း၊ ဌာနများ၏ အကြံပြုချက် သဘောထားမှတ်ချက်များနှင့်အညီ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုပပျောက်ရေး တိုင်ကြားမှုယန္တရားကို အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီတွင် ပြုပြင်ရေးဆွဲထားပါကြောင်း၊ ရေးဆွဲထားသည့် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုပပျောက်ရေး တိုင်ကြားမှုယန္တရားနှင့်ပတ်သက်၍ တက်ရောက်လာသည့် ကော်မတီဝင်များက ရင်းနှီးပွင့်လင်းစွာအကြံပြု ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။



အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အဖွင့်အမှာစကား ပြောကြားစဉ်။

**ဆွေးနွေးအတည်ပြု**

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဝန်ကြီးဌာနများမှ ပေးပို့လာသည့် သဘောထားမှတ်ချက်များနှင့် လုပ်ငန်းစီမံချက်၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှု ပပျောက်ရေးတိုင်ကြားမှု ယန္တရားနှင့် အဆိုပါယန္တရားမထူထောင်မီ တိုင်ကြားစာ လက်ခံဖြေရှင်းရေးလုပ်ငန်းစဉ်တို့ကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ကော်မတီဝင်များက လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြု ဖြည့်စွက်ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့စည်ပင်မှ သောက်သုံးရေဖြန့်ဝေ

**ရမည်းသင်း မေ ၂၁**


မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်အသီးသီး၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ မြို့နယ်စည်ပင်သာယာရေးက သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိရာတွင် အဖွဲ့ပိုင်ရေကားနှစ်စီး (တစ်စီးလျှင် ရေဂါလန် ၆၀၀ ဆံ့)ဖြင့် ဖြန့်ဝေပေးခြင်းဖြစ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများတင်ပြတောင်းဆိုမှုအပေါ် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဌာနဝန်ထမ်းများက ရပ်ကွက်များအတွင်း ကွင်းဆင်း၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မြို့ပေါ်ရပ်ကွက်အသီးသီးအတွက် မြို့ရေပေးရေးစနစ်ကို အရင်ကထက် အဆင်ပြေအောင် ဆောင်ရွက်ထားပါတယ်၊ ယခုနှစ်ဘတ်ဂျက်မှာလည်း ဝါတိုးရပ်ကွက်ကြီးအတွင်းမှာ စက်ရေတွင်း(တွင်းနက်) တစ်တွင်းကို တူးဖော်နေပါပြီ၊ နှစ်အလိုက် ရပ်ကွက်တိုင်းမှာ စက်ရေတွင်းတူးဖော်ဖို့ စီစဉ်ထားပါတယ်၊ ဒါမှ မြို့ရေပေးရေးပိုမိုကောင်းမွန်မှာဖြစ်တဲ့အတွက် ယခုလိုစီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်"ဟုမြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးပေါ်လွင်က ပြောသည်။

ယခုကဲ့သို့ ရမည်းသင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရပ်ကွက်များအတွင်း သောက်သုံးရေဖြန့်ဝေခြင်းကို ဧပြီလဆန်းပိုင်းမှ စတင်ဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရပြီး ရပ်ကွက်များအတွင်း သောက်သုံးရေဖြန့်ဝေပေးခြင်းအပြင် သောက်သုံးရေခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုများသို့လည်း သောက်သုံးရေဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အခြေခံပညာအလယ်တန်းအဆင့်(သင်ရိုးသစ်) Grade-6 ခရိုင်အဆင့် ဆွေးနွေးပွဲ/သင်တန်းသို့ တက်ရောက်လာသည့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**❖ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စာသင်ခန်းများအတွင်း ပြသထားသည့် သင်ရိုးဟောင်း၊ သင်ရိုးသစ်သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ဆရာ ဆရာမများ (သင်ရိုးသစ်) Grade - 6 ဘာသာရပ်အလိုက် သင်ကြားပို့ချနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် သိပ္ပံနှင့် ကာယပညာဆရာမများ ကိုယ်ကာယလေ့ကျင့်ခန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သင်တန်းသား ဆရာ ဆရာမများအနေဖြင့် သင်ယူရာတွင် တော်ကြသည်ကို သိရှိပါကြောင်း၊ သင်ယူရာတွင် တော်ကြသကဲ့သို့ သင်ကြားရာတွင်လည်း တော်ကြမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ စာသင်ချိန်နှင့် ကျောင်းတွင် ပျော်ရွှင်အောင် မည်သို့ဆောင်ရွက်ရမည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ကလေးများ ကျောင်းသွားရသည်ကို ပျော်မှသာ ပညာတတ်များဖြစ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေပါသေးကြောင်း၊ အဓိကမှာ ပညာရေးစနစ်ဖြစ်ပါကြောင်း၊ ပညာရေးစနစ် မှန်ကန်လျှင် အခြားနိုင်ငံများအား ရင်ပေါင်တန်းပြီး အချိန်တိုအတွင်း အမီလိုက်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ ကျောင်းသား ကျောင်းသူများအား အခြားနိုင်ငံများမှ ကျောင်းသား ကျောင်းသူများထက် တစ်မူထူးပြီး တော်စေချင်ပါကြောင်း၊ ကျောင်းစာသာမက စာရိတ္တပိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် တော်စေချင်ပါကြောင်း၊ မိမိတို့နိုင်ငံသားများ အတူပူးပေါင်းပြီး အစုအဖွဲ့အလိုက် ဆောင်ရွက်ရာတွင် တော်စေချင်ပါကြောင်း၊ မိမိတို့ လူမှုအသိုင်းအဝိုင်း ပျော်ရွှင်ရန်၊ တိုးတက်ရန် လုပ်ဆောင်ပေးနိုင်သည့် ကလေးငယ်များကို မွေးထုတ်ချင်ပါကြောင်း၊ အဓိကကျသည်မှာ ဆရာ ဆရာမများဖြစ်ပါကြောင်း ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများ၊ သင်တန်းသား ဆရာ ဆရာမများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာအလယ်တန်းအဆင့်(သင်ရိုးသစ်)Grade -6 ကို လာမည့် ပညာသင်နှစ် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် သင်ကြားနိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ အခြေခံပညာအလယ်တန်းအဆင့်သင် ဆရာ ဆရာမများအား သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနား၊ ဇမ္ဗူသီရိနှင့် ဒက္ခိဏသီရိမြို့နယ်များမှ ဆရာ ဆရာမ ၈၁၄ ဦးအား ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ လယ်ဝေးမြို့နယ်မှ ဆရာ ဆရာမ ၇၅၃ ဦးတို့အား လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပြီး သင်တန်းများတွင် ကိုယ်ပိုင်ကျောင်းများမှ လေ့လာသူ ၂၆ ဦး လာရောက်လေ့လာသင်ကြားလျက်ရှိကာ သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးတွင် သင်ရိုးသစ် မူလတန်းအဆင့် KGတန်းကို ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်တွင်လည်းကောင်း၊ Grade - 1ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်လည်းကောင်း၊ Grade -2 ကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင်လည်းကောင်း သင်တန်းများ သင်ကြားပို့ချခဲ့ပြီး သင်ရိုးသစ် Grade - 3 နှင့် အလယ်တန်းအဆင့်သင်ရိုးသစ် Grade - 6 ကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် လည်းကောင်း သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ယခင်က သင်ရိုးဟောင်းတွင် သင်ရိုးဘာသာဖြစ်သည့် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံဘာသာရပ်တို့ကို သင်ရိုးအဖြစ် သတ်မှတ်သင်ကြားပြီး ကာယ၊ ပန်းချီ၊ ဂီတ၊ သက်မွေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝအတွက်တာကျွမ်းကျင်စရာ ဘာသာရပ်များကို တွဲဖက်သင်ရိုးအဖြစ် သင်ကြားပေးခဲ့ရာမှ ယခုသင်ရိုးသစ်တွင် ကာယ၊ ပန်းချီ၊ ဂီတ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝအတွက်တာကျွမ်းကျင်စရာ ဘာသာရပ်များကိုပါ သင်ရိုးအဖြစ် သတ်မှတ်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ပိုမိုတိုးတက်လာ**

သင်ရိုးသစ်ဖြင့် သင်ကြားခြင်းသည် ကျောင်းသား ကျောင်းသူများအား စည်းကမ်းလိုက်နာမှု ပိုမိုမြင့်မားလာခြင်း၊ နိုင်ငံချစ်စိတ်တိုးတက်လာခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်လာခြင်း၊ တန်းတူညီမျှမှု စိတ်ဓာတ်ရှိလာခြင်း၊ တီထွင်ကြံဆမှုနှင့် စဉ်းစားတွေးခေါ်မှုများ ပိုမိုတိုးတက်လာခြင်းတို့ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ယခုသင်တန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းအုပ်များအား သင်ရိုးသစ်များအပြင် ခေါင်းဆောင်မှုအတတ်ပညာကိုလည်း ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီးတို့က ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးနှင့်ဇနီးတို့အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် မေ ၂၁**

တရားဝင်ချစ်ကြည်ရေးခရီး လည်ပတ်ရန်နှင့် တတိယအကြိမ်မြောက် မြန်မာ- ဖိလစ်ပိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Teodoro L. Locsin, Jr. နှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီးတို့က ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Mount Pleasant ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Teodoro L.Locsin, Jr. နှင့်ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E. Mr. Eduardo R. Kapunan. Jr နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## နေပြည်တော်တွင် အခြေခံပညာကျောင်း စတင်ဝင်ရောက်လာမည့် ကလေးများ ကာကွယ်ဆေးများ ထိုးနှံပေးမည့်လုပ်ငန်း ဗဟိုအဆင့် အသိပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၁**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အခြေခံပညာကျောင်းစတင်ဝင်ရောက်လာမည့် ကလေးများ၏ ကာကွယ်ဆေးထိုးနှံပြီးစီးမှုကို စိစစ်၍ လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံပေးမည့်လုပ်ငန်း ဗဟိုအဆင့် အသိပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာနခွဲ၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ WHO၊ UNICEF တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှ မြို့နယ်ကျန်းမာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများ တက်ရောက်ကြသည်။

အဆိုပါ အသိပေးဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ အခြေခံပညာကျောင်းများတွင် ကျောင်းဝင်ခွင့် လျှောက်ထားလာသော ကျောင်းသား ကျောင်းသူအသစ် ကလေးများ၏ ကာကွယ်ဆေးထိုးနှံပြီးစီးမှုကို စိစစ်၍ ကာကွယ်ဆေး အကြိမ်ပြည့်ရရှိထားခြင်းမရှိသော ကလေးများကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံပေးခြင်းလုပ်ငန်း ဆောင်ရွက်သွားမည့် အစီအစဉ်ကိုလည်းကောင်း၊ ၎င်း ရှစ်မြို့နယ်မှ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းဆရာ ဆရာမများအား သင်တန်းပေးခြင်းအစီအစဉ်ကိုလည်းကောင်း အသိပေးဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



✻ ကျောဖုံးမှ

စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဓဇ ရွှေချယ်ရေးအာဇာနည်အရှင်မြတ်များ၊ ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ရှေးဦးစွာ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနဝံသဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိဿရာဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူသည်။



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

**(သာရဏီယဩဝါဒကထာကို စာမျက်နှာ (၆) တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြရာတွင် မြန်မာနိုင်ငံတွင် ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသော ပိဋကတ်ကျမ်းဂန်စာပေများကို ဘုရားရှင်ဟောကြားတော်မူခဲ့သည့်အတိုင်း တည်တံ့ပြန့်ပွားနေအောင် ဆရာတပည့်စဉ်ဆက်မပြတ် ရဟန်းသံဃာတော်အရှင်သူမြတ်များက အဆင့်ဆင့်သယ်ယူပို့ချ ဆောင်ရွက်တော်မူခဲ့ကြပါကြောင်း၊ မျက်မှောက်ခေတ် မြန်မာနိုင်ငံအရပ်ရပ်ရှိ စာသင်တိုက်ကြီးများသည်လည်း ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အားသွန်မပျက် ကြိုးပမ်းထမ်းရွက်တော်မူလျက်ရှိကြသဖြင့် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများအလယ်တွင် ဦးဆောင်နေရာကို ခန့်ထည်စွာ ရယူနိုင်လျက်ရှိပါကြောင်း။

**မီးရှူးတန်ဆောင်သဖွယ်ဖြစ်**

မြန်မာနိုင်ငံတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး အထင်အရှားရှိနေသဖြင့် ပရိယတ္တိသာသနာတော်မြတ်ကြီး တည်တံ့ထွန်းလင်းရေး၏ မီးရှူးတန်ဆောင်သဖွယ်ဖြစ်နေပြီး တိပိဋကဓရ၊ တိပိဋက ကောဝိဒ သာသနဓဇအာဇာနည်အရှင်မြတ်တို့က ရှေ့တန်းက မားမားမတ်မတ် ရှေ့ဆောင်လျက် တည်ရှိနေပါကြောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနဓဇတက္ကသိုလ်များအပါအဝင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးနှင့်တကွ ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲနှင့် နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲများ တည်ရှိနေသမျှ ကာလပတ်လုံး ပရိယတ္တိသာသနာတော် ထွန်းလင်းနေမည် ဖြစ်သဖြင့် ပရိယတ္တိသာသနာတော် ထွန်းလင်းနေသမျှ ပဋိပတ္တိသာသနာတော်နှင့် ပဋိဝေဓသာသနာတော်များ သည်လည်း ဘယ်သောအခါမျှ ဆိတ်သုဉ်းမည် မဟုတ်ဟု အလေးအနက် ယုံကြည်ပါကြောင်း။

ဗုဒ္ဓသာသနာတော်၏ ရေသောက်မြစ်သဖွယ်ဖြစ်သော ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး ကို နှစ်စဉ်မပျက်ကျင်းပပြုလုပ်ခဲ့ရာ ၁၉၄၈ ခုနှစ် ပထမ အကြိမ်မှ ၂၀၁၉ ခုနှစ် (၇၁) ကြိမ်အထိ တစ်ကြိမ်မျှ ပျက်ကွက်သည့်နှစ်မရှိ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင် ခဲ့ပါသည်ဘုရား။ နှစ်ပေါင်း ၇၀ ကျော်ကာလတွင် ပိဋက သုံးပုံကို အာဂုံရေးဖြေအောင်မြင်တော်မူသဖြင့် တိပိဋက ဓရ၊ တိပိဋကကောဝိဒ ဘွဲ့ရရှိတော်မူကြသည့် သာသနဓဇ အာဇာနည်အရှင်မြတ် ၁၄ ပါး၊ ပိဋကတ်သုံးပုံကို အာဂုံ အောင်မြင်၍ တိပိဋကဓရဘွဲ့ရရှိသည့် သာသနဓဇ အာဇာနည်အရှင်မြတ် ရှစ်ပါးအပါအဝင် ပိဋကနှစ်ပုံ အောင်၊ နှစ်ပုံခွဲအောင်၊ တစ်ပုံအောင် သာသနဓဇအာဇာနည် မြောက်မြားစွာပေါ်ထွန်းခဲ့ပြီးဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယခုကဲ့သို့ ဆရာတော် သံဃာတော် အရှင်မြတ်အပေါင်းတို့က ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါး ကျင့်ပွားကြလျက် ဗုဒ္ဓသာသနာတော်မြတ်ကြီးအား ဓမ္မာနုဂ္ဂဟအားဖြင့် ဆောင်ရွက်ပူဇော်တော်မူကြသကဲ့သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်တကွ ဗုဒ္ဓဘာသာဝင် ပြည်သူပြည်သားအပေါင်းက ပစ္စည်း လေးပါးထောက်ပံ့လှူဒါန်းလျက် ပစ္စယာနုဂ္ဂဟအားဖြင့် ချီးမြှောက်ပူဇော်ကြခြင်းသည် အနာဂတ်ထေရဝါဒဗုဒ္ဓ သာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်တံ့ပြန့်ပွားရေး အတွက် ဆရာဒကာ ညီညာလက်ယှက် အားတက်ဖွယ်ရာ ပုံရိပ်ကောင်းဖြစ်၍ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ကြီးသည်လည်း ကောင်းခြင်းမင်္ဂလာပြည့်စုံစွာ ဖြင့် ထာဝရငြိမ်းချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း လျှောက်ထားသည်။

**ဆက်ကပ်**

ထို့နောက် (၇၁)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲအောင်မြင်တော်မူကြသည့် သာသနဓဇအာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ် တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြရာ ဒုတိယ သမ္မတ ဦးမြင့်ဆွေက ပိဋကတ်နှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယကောဝိဒဘွဲ့ရတော်မူကြသည့် စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့ မင်းကွန်းမိုးမိတ်ကုန်းမြေ တိပိဋက နိကာယကျောင်းတိုက်မှ သက်တော် (၄၁)နှစ်၊ သိက္ခာ (၁၉)ဝါရှိ အရှင်ဇောတိကာလင်္ကာရနှင့် သက်တော် (၃၂) နှစ် သိက္ခာ(၁၂)ဝါရှိ အရှင်ဣန္ဒကာလင်္ကာရတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ် သည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပိဋကတ်နှစ်ပုံရေးဖြေအောင် ဒီဃနိကာယကောဝိဒဘွဲ့ရတော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဣန္ဒကာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များက ပိဋကတ်နှစ်ပုံ အာဂုံအောင် ဒီဃဘာဏက ရှစ်ပါး၊ ပိဋကတ်တစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒ ငါးပါး၊ ပိဋကတ်တစ်ပုံ အာဂုံအောင် ဝိနယဓရ ၂၅ ပါး၊ ဝိနည်း ပထမပိုင်း ရေးဖြေအောင် ဉဘတောဝိဘင်္ဂကောဝိဒ ၁၁ ပါး၊ ဝိနည်းပထမပိုင်း အာဂုံအောင် ဉဘတောဝိဘင်္ဂဓရ ၄၄ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

**အနုမောဒနာတရားနာယူ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် (၇၁)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် သာသနဓဇအာဇာနည် အရှင်သူမြတ်များအား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ် လောင်းလှူကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတော့မည့် အကြိုကာလ ကတည်းက နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးရပြီးပါက ဆဋ္ဌသင်္ဂါယနာတင်ရန် အာသီသပြင်းထန်လျက်ရှိရာ ကျန်ထေရဝါဒနိုင်ငံများက သင်္ဂါယနာတင်ရန်မှာ ပိဋကတ်သုံးပုံ အာဂုံဆောင်ပုဂ္ဂိုလ်များရှိမှသာ သင်္ဂါယနာ တင်နိုင်ခွင့်ရှိကြောင်း ပြောဆိုချက်ကြောင့် ပိဋကတ် အာဂုံဆောင်ပုဂ္ဂိုလ်များ ပေါ်ထွန်းစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရက တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို နှစ်စဉ်ဒီဇင်ဘာလ စတုတ္ထပတ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီး အတွင်း၌ ၃၃ ရက်ကြာ ကျင်းပပေးလျက်ရှိရာ ယခုဆိုလျှင် (၇၁) ကြိမ် ရှိပြီဖြစ်သည်။ ယခု (၇၁) ကြိမ်မြောက် စာမေးပွဲတွင် အာဂုံပြန်သံဃာတော် ၁၅၆ ပါးနှင့် သဘောရေးဖြေ သံဃာတော် ၁၈၂ ပါး ဝင်ရောက်ဖြေဆို တော်မူခဲ့ကြကြောင်း သိရသည်။

**သာသနဓဇအကျိုးသယ်ပိုး**

ပထမအကြိမ် စတင်ကျင်းပသည်မှ ယခုအချိန်အထိ နှစ်ပေါင်း ၇၁ နှစ်အတွင်း တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနဓဇအာဇာနည်အရှင်သူမြတ် ၁၄ ပါး ပေါ်ထွန်းခဲ့ပြီး တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်ရဆရာတော် များမှာ မင်းကွန်းတိပိဋကဓရဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ ဘိဝံသ၊ ပခုက္ကူဆရာတော် ဘဒ္ဒန္တနေမိန္ဒ၊ ပြည်ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တသု မင်္ဂလာလင်္ကာရ၊ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ မော်ကျွန်း ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ မြင်းခြံဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလင်္ကာရ၊ စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တဣန္ဒပါလ၊ စစ်ကိုင်းဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ၊ ဘုတလင်ဆရာတော် ဘဒ္ဒန္တ ဣန္ဒစရိယ၊ ကမ္ဘောဇဆရာတော် ဘဒ္ဒန္တအရှင်ဝိရိယာနန္ဒ တို့ ဖြစ်ကြသည်။

လက်ရှိကာလတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနဓဇအာဇာနည်အရှင်သူမြတ် ၁၀ ပါး သက်တော် ထင်ရှားစွာ သာသနဓဇအကျိုးသယ်ပိုးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

»» မြန်မာ့လက်ရွေးစင်အသင်းမှ

ဖွဲ့စည်းမည်ဖြစ်ပြီး နည်းပြချုပ်သစ် ရာဒူလိုဗစ်အနေဖြင့် ပထမဆုံးကိုင်တွယ်ရမည့်ပွဲဖြစ်သောကြောင့် ရလဒ်ကောင်းရရန် ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်သစ် ရာဒူလိုဗစ်ကို ဧပြီ စတုတ္ထပတ်က ခန့်အပ်ခဲ့ပြီး ၎င်းနှင့်အတူ လက်ထောက်နည်းပြ ဗလာဒီမာကိုပါ တာဝန်ပေးအပ်ခဲ့သည်။ ထို့ပြင် မြန်မာ့လက်ရွေးစင်အသင်း လက်ထောက်နည်းပြအဖြစ် ဦးဇော်လင်းထွန်း (စစ်ကိုင်း) ကို တာဝန်ပေးရန် သဘောတူညီမှုရထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အတည်ပြုခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းသည် ဇွန် ၁၁ ရက်တွင် စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကလပ်အသင်းများမှာ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကစားနေရသောကြောင့် ဆီမီးဖိုင်နယ်ပွဲစဉ်ပြီးဆုံးသည့် နောက်ရက်မှသာ လေ့ကျင့်မှုစတင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန်လတွင် နိုင်ငံတကာ ခြေစမ်းပွဲနှစ်ပွဲကစားရန် စီစဉ်ထားသော်လည်း ကစားသမားများနှင့် စုစည်းလေ့ကျင့်ရက်နည်းနိုင်သောကြောင့် စင်ကာပူအသင်းနှင့်သာ ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လက မန္တလေးမြို့၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရာ တရုတ်တိုင်ပေအသင်းနှင့် ဂိုးမရှိသရေကျပြီး အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

# (၇၁) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယ သာရဏီယ သြဝါဒကထာ

[၁၃၈၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃-ရက်၊ (၂၀၁၉-ခုနှစ်၊ မေလ ၂၁-ရက်) အင်္ဂါနေ့]

(၇၁) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝင်ရောက်ပြန်ဆို ဖြေဆို အောင်မြင်တော်မူကြသည့် စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များနှင့်တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်ဖြစ်သော သြဝါဒစကား မြွက်ကြားလိုပါသည်။

ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံ ဟောတိ [သမ္မောဟဝိနောဒနီ၊ ဋ္ဌ၊ ၄၁၃]လာ စကားအရ သာသနာတော်တည်တံ့ရေးကို မြော်တွေး၍ ရှေးဆရာတော်များက အစပြုကာ တပည့်တော်တို့ အရှင်ဘုရားတို့လက်ထက်တိုင်အောင် ပရိယတ္တိစာပေကို သင်ယူကျက်မှတ်ခြင်း အစဉ်အလာသည် အရှိန်အဟုန်ကောင်းလျက် ရှိနေသေးသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ပရိယတ္တိစာပေကျမ်းဂန် သင်ယူတတ်မြောက်မှုသည် အခြားသော ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများထက် အဆပေါင်းများစွာ သာလွန်၍ တိုးတက်မြင့်မားမှုရှိနေခြင်းဖြစ်ပါသည်ဘုရား။

(၇၁) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကသုံးပုံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော ကျမ်းများကို မိမိတို့ စွမ်းအားနှင့် အဆင့်အတန်းအားလျော်စွာ အာဂုံပြန်ဆို ရေးဖြေ အောင်မြင်တော်မူခဲ့ကြ၍ ယနေ့ဆိုင်ရာ ဘွဲ့တံဆိပ် အောင်လက်မှတ်ကို ခံယူတော်မူကြမည့် အရှင်မြတ်တို့သည်လည်း မြန်မာနိုင်ငံ၏ ပရိယတ္တိ အဆင့်အတန်းကို မြှင့်တင်ရာတွင် ထိပ်ဆုံးမှ ပါဝင်နေကြသောကြောင့် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် တကွသော ရဟန်းသံဃာတော်များ၊ နိုင်ငံတော်အစိုးရ အမှူးပြုသော ဥပါသကာ ဥပါသိကာမများမှာ နှစ်ထောင်းအားရ ဖြစ်ကြရလျက် မြန်မာနိုင်ငံ၏ ပရိယတ္တိ သာသနာတော် တိုးတက်မှုအတွက် အားတက်ဂုဏ်ယူမှုလည်း ဖြစ်ကြရပါသည်ဘုရား။



မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါ သာဝတ္ထိပြည်သူပြည်သား မဟာပါလအမည်ရှိသော သူကြွယ်တစ်ဦးဟာ မြတ်စွာဘုရား သာသနာတော်မှာ လွန်စွာကြည်ညိုစိတ်ရှိပြီး မြတ်စွာဘုရားရှင်ထံ ရှင်ရဟန်းပြုခွင့်တောင်းကာ ရဟန်းအဖြစ်ကို ရခဲ့ပါတယ်။ ငါးဝါ လောက်နေပြီး ဝါကျွတ်၍ ပဝါရဏာပြုပြီးသောအခါ မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်ရှိခိုး၍ ဘန္တေ ဣမသ္မိံ သာသနေကတိ ဓုရာနိ - ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသာသနာတော်၌ မချွတ်ဧကန် ဆောင်ရွက်ရမည့် တာဝန်တို့သည် အဘယ်မျှရှိပါသနည်းဟု လျှောက်ထားရာ-

ဂန္ထဓုရံ ဝိပဿနာဓုရန္တိ ဒွေယေဝ ဓုရာနိ ဘိက္ခု - ဤသာသနာတော်၌ စာပေကျမ်းဂန် သင်အံခြင်း၊ ဂန္ထဓုရ တာဝန်၊ ဝိပဿနာ ကမ္မဋ္ဌာန်းပွားများ အားထုတ်ခြင်း ဝိပဿနာတာဝန်ဟု တာဝန်နှစ်ပါးရှိကြောင်း (ဓမ္မပဒ.ဋ္ဌ.၁၊ ၃) ၌ မိန့်ကြားထားသည့်အတိုင်း တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံရေးဖြေတို့ကို အောင်သည်ဖြစ်စေ မအောင်သည်ဖြစ်စေ မြတ်စွာဘုရားရှင်၏ သာသနာတော်တွင် ကျန်းမာကြံ့ခိုင် စွမ်းနိုင်သည့် အရွယ်ရှိနေပါက မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များကို သင်အံပို့ချရမည့် တာဝန်သည် မိမိတို့၏တာဝန်ဖြစ်သည်ဟူသော ရည်ရွယ်ချက်မျိုးဖြင့် မိမိတို့ကိုယ်တိုင်လည်း ရည်မှန်းထားသည့်အောင်ပွဲကို ရယူနိုင်ကြပြီး တပည့်ရှင်ငယ် ရဟန်းငယ်လေးများကိုလည်း အဓိပတိလေးပါး လက်ကိုင်ထား၍ အားတက်သရော သင်ကြားပို့ချကြလျက် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါသည်ဘုရား။

ယနေ့ ကျင်းပပြုလုပ်သော ချီးကျူးပူဇော်ပွဲကြီးတွင် ဘွဲ့တံဆိပ်အသီးသီးကို ခံယူကြမည့် သာသနာ့အာဇာနည် အရှင်မြတ်တို့သည် သာသနာတော်၏ ရေသောက်မြစ်ဖြစ်သော ပရိယတ္တိကျမ်းဂန်များကို အပတ်တကုတ် အားထုတ်သင်ယူလေ့လာမှတ်သား ခြင်းဟူသော ဟေတုသမ္ပဒါနှင့်လည်းကောင်း၊ ကြိုးစားအားထုတ် သင်ယူလေ့လာပြီး ဖြေဆိုအောင်မြင်ခဲ့ခြင်းကြောင့် ဘွဲ့တံဆိပ်တော် အသီးသီးကို ဆွတ်ခူးပန်ဆင်ရခြင်းဟူသော ဖလသမ္ပဒါနှင့်လည်းကောင်း ပြည့်စုံနေကြပါသည်ဘုရား။

ထိုသို့ ဟေတုသမ္ပဒါ၊ ဖလသမ္ပဒါနှစ်ပါးတို့နှင့် ပြည့်စုံနေကြသော စာအောင်အရှင်မြတ်တို့အဖို့ သတ္တူပကာရသမ္ပဒါဟု ခေါ်ဆိုအပ်သော သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းဟူသော အရည်အသွေးများနှင့် ပြည့်စုံရန်သာ လိုအပ်ပါသည်ဘုရား။ ဟေတု ဖလ နှစ်ဝသမ္ပဒါ ပြည့်စုံပါလျက် သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းဟူသော သတ္တူပကာရသမ္ပဒါနှင့် မပြည့်စုံသူသည် ပညာရှိသူတော်ကောင်းတို့၏ ချီးမွမ်းခြင်းကို မခံထိုက်သေးသောကြောင့် စာအောင် အရှင်မြတ်တို့သည် မိမိတို့အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ချီးမြှောက်နေကြသော အစိုးရနှင့် ပြည်သူတို့အား ဒါယကာ ဒါယိကာမတို့အား ဓမ္မရသများကို ခံစားနိုင်ကြစေရန် တရားဒေသနာများ ဟောပြောပြသဆုံးမခြင်း၊ စာသင်သားရဟန်းသာမဏေတို့အား ပရိယတ္တိစာပေတို့ကို သင်ကြားပို့ချခြင်းစသော ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ပေးကြဖို့ လေးလေးနက်နက် တိုက်တွန်းလိုပါသည်ဘုရား။

ပရိယတ္တိဝန်ဆောင် သာသနာ့အာဇာနည် အရှင်မြတ်တို့သည်လည်း မိမိတို့၏ ဆိုင်ရာသာသနာ့ကိစ္စအဝဝကို ကျန်းမာချမ်းသာစွာ အားထုတ်နိုင်ကြ၍လည်းကောင်း၊ နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ ဒါယိကာမတို့သည်လည်း သာသနာနုဂ္ဂဟ ကိစ္စအဝဝကို ကျန်းမာချမ်းသာစွာဖြင့် ချီးမြှောက်ထောက်ပံ့နိုင်ကြ၍လည်းကောင်း၊ သာသာနာ၏ အနှစ်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေဟု ပတ္ထနာပြုလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

## ဂျပန်ရိုက်ကူးရေးအဖွဲ့ ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဆိုင်ရာ မှတ်တမ်းရိုက်ကူး


**နေပြည်တော် မေ ၂၁**

ဧရာဝတီလင်းပိုင် အကူအညီဖြင့် ရေလုပ်သားများ ငါးဖမ်းကြပုံအစဉ်အလာနှင့် ရေလုပ်သားများ၏ဘဝကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းဒေသရှိ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်မှ ကျေးရွာများတွင် ဂျပန်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့က မှတ်တမ်းရိုက်ကူးသည်။

**စတင်ရိုက်ကူး**

အဆိုပါအဖွဲ့သည် ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်မှု အသိပညာပေးဆောင်ရွက်မှုကို ငါးလုပ်ငန်းဦးစီးဌာန သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society)တို့နှင့် ပူးပေါင်း၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ကမ်းကြီး၊ အင်ဒေါင်း၊ ရွာသစ်၊ ရှိမ္မကားနှင့် ဆင်ကျွန်းကျေးရွာများတွင် Living Irrawaddy Dolphin Project ပိုင် ရေယာဉ်ဖြင့် မေ ၁၅ ရက်မှ စတင်ရိုက်ကူးနေခြင်းဖြစ်ပြီး ဆက်လက်၍ မေ ၂၃ ရက်အထိ မှတ်တမ်းရိုက်ကူးမည်ဖြစ်သည်။

ထို့ပြင် ပုဂံအမှတ်တရ ချည်ထည်များ (Cotton Bagan) ထုတ်လုပ်ခြင်းအကြောင်းကိုလည်း ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးကန်တစ်ဝိုက်တွင်လည်းကောင်း၊



ဂျပန်ရိုက်ကူးရေးအဖွဲ့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံရေလုပ်သားများ ငါးဖမ်းနေမှုကို မှတ်တမ်းရိုက်ကူးနေစဉ်။

ချည်ထည်ချုပ်လုပ်ခြင်းကို မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်းကောင်း၊ ချည်ထည်ရောင်းချခြင်းကို ပုဂံညောင်ဦးမြို့နယ်တွင် လည်းကောင်း တွေ့ဆုံမေးမြန်းမှုများအပါအဝင် မေ ၂၄ ရက်မှစ၍ ဇွန် ၁ ရက်အထိ လှည့်လည်ရိုက်ကူးမည်ဖြစ်ကြောင်းနှင့် ယင်းသဘာဝအခြေခံခရီးသွားလုပ်ငန်း(Ecotourism) ရုပ်/သံ မှတ်တမ်းအစီအစဉ်ကို ဂျပန်နိုင်ငံမှထုတ်လွှင့်သည့် NHK ရုပ်သံလိုင်းတွင် ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား (၄၄)ကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေးမည်

**သီပေါ မေ ၂၁**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ဦးဆောင်မှုဖြင့် မျက်စိဝေဒနာရှင်များအား သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ (၄၄)ကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်သဖြင့် ရပ်ဝေး၊ ရပ်နီး မြို့ပတ်ဝန်းကျင် ကျေးလက်ဒေသအသီးသီးမှ ဝေဒနာရှင်များ ယနေ့မှစတင်၍ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

သီတဂူစက္ခုဒါနဆေးရုံကြီးသို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များသာမက အခြားသော မြို့နယ်များမှလာရောက်ကုသသော မျက်စိဝေဒနာရှင်များအား သီတဂူစက္ခုဒါနဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းများ၊ မဟာမြတ်မုနိဘုရားကြီး ရေကြည်တော် ဝတ်အသင်းသားများက သွေးပေါင်ချိန်ခြင်း၊ မျက်စဉ်းခတ်ခြင်း စသည့် ပဏာမလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး မျက်စိအထူးကုဆရာဝန်ကြီးများက ခွဲစိတ်ရန်လိုအပ်သည့် ဝေဒနာရှင်များကို နံနက် ၈ နာရီမှစတင်ကာ ခွဲစိတ်ကုသပေးကြသည်။

အဆိုပါ မျက်စိဝေဒနာရှင်များခွဲစိတ်ကုသပေးခြင်းကို မေ ၂၂ မှ ၂၆ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဗျူဟာမြောက်လုပ်ငန်းစီမံကိန်းများကို Project Bank တွင် ထည့်သွင်းဆောင်ရွက်ရမည်

**နေပြည်တော် မေ ၂၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ ၁ ခု ဖတ်ကြားတင်ပြခြင်း၊ အဆို ၁ ခု တင်သွင်းနှင့် အဆို ၁ ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဖော်ထုတ်ပြီး စိုက်ပျိုးမှုမရှိသည့်မြေများကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ


ဒုတိယဝန်ကြီး ဦးလှကျော်


ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း


ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်

အစည်းအဝေးတွင် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၏ **အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့်စပ်လျဉ်း၍ တိကျစွာ စိစစ်ပြီးမှသာ လုပ်ပိုင်ခွင့်ချထားပေးရန်၊ ယခင်က စိစစ်၍ လုပ်ပိုင်ခွင့်ပေးထားသော ယင်းမြေများသည် လက်တွေ့အားဖြင့် မြေပြင်တွင် စိစစ်ချက်နှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ပြန်လည်ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာမှုများ၊ သစ်တောဖုံးလွှမ်းလျက်ရှိသော မြေနေရာများ ပါဝင်ခြင်း ရှိ၊ မရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ ပုဒ်မ ၆ (ဂ) အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပြီး စိစစ်ခွင့်ပြုလျက်ရှိပါကြောင်းနှင့် ယခင်ဗဟိုအဖွဲ့မှ လုပ်ပိုင်ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဖော်ထုတ်ပြီး စိုက်ပျိုးမှုမရှိသည့်မြေများကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာ စီမံချက်များနှင့် စီမံကိန်းများချိတ်ဆက်မှု၊ မဟာဗျူဟာမြောက်စီမံကိန်းများ ဖော်ထုတ်မှု၊ ဦးစားပေးအဆင့်များ သတ်မှတ်မှု၊ စီမံကိန်းဘဏ်အတွင်း ထည့်သွင်း၍ ၎င်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မည်ကဲ့သို့ ပေါင်းစပ်ဆောင်ရွက်မည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်၏စီမံကိန်းများကို ဆောင်ရွက်ရာတွင် အစိုးရတစ်ရပ်လုံးဆိုင်ရာ ဖွံ့ဖြိုးမှုမူဘောင်အဖြစ် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Myanmar Sustainable Development Plan (MSDP) ၂၀၁၈-၂၀၃၀ ကို ၂၀၁၈ ခုနှစ်တွင် ရေးဆွဲထုတ်ပြန်ထားပါကြောင်း၊ MSDP ပါ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် စနစ်တကျဖြစ်စေရန် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်အမှတ် (၂/ ၂၀၁၈) ဖြင့် စီမံကိန်းဘဏ်(Project Bank) ဆိုင်ရာ ညွှန်ကြားချက်ကို ၂၀၁၈ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့ပါကြောင်း။

စီမံကိန်းများ မဟာဗျူဟာမြောက်ခြင်း ရှိ၊ မရှိနှင့် MSDPနှင့် ကိုက်ညီခြင်း ရှိ၊ မရှိကို ပထမအဆင့် Screening Tool ဖြင့် စိစစ်ပြီး စီမံကိန်းဦးစားပေးမှုနှင့် Source of Financing ကို ဒုတိယအဆင့် Screening Tool ဖြင့်စိစစ်ပါကြောင်း၊ ယင်းသို့ စိစစ်ပြီးနောက် Excellent, good, Average, Deficient ဟူ၍ခွဲခြားပြီး အဆိုပါအမျိုးအစားကို Strategic နှင့် Non Strategic ဟူ၍ အမျိုးအစားခွဲခြားရရှိပါကြောင်း၊ ဘဏ္ဍာငွေရန်ပုံငွေရင်းမြစ်ပေါ်မူတည်၍ ဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို ဘတ်ဂျက်လုပ်ငန်းစဉ်ဖြင့် ချိတ်ဆက်ပေးခြင်း၊ ဖွံ့ဖြိုးမှုအကူအညီများဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) နှင့် ချိတ်ဆက်ပေးခြင်း၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေးစင်တာ (PPP Centre) နှင့် ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဗျူဟာမြောက်လုပ်ငန်း စီမံကိန်းများကို Project Bank တွင် ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ဗျူဟာမြောက် လုပ်ငန်းစီမံကိန်းများကိုလည်း Project Bank တွင် ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းဆိုင်ရာစီမံချက်များနှင့် စီမံကိန်းများချိတ်ဆက်မှု၊ ဦးစားပေးနယ်ပယ်သတ်မှတ်မှု၊ ဘတ်ဂျက်(သို့မဟုတ်) ဖွံ့ဖြိုးမှုအကူအညီ(သို့မဟုတ်) PPP ပုံစံဖြင့် အကောင်အထည်ဖော်မည့် ဘဏ္ဍာငွေရင်းမြစ်အလိုက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးမှုတို့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)ဦးအုန်းခင်၏ **မင်းလှမြို့နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရန်အတွက် မြစ်ရေတင်ဖြန့်ဖြူးရေးလုပ်ငန်းတစ်ခု ထပ်မံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၏ **သမဝါယမတက္ကသိုလ် (သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ဘက်စုံသုံးခန်းမ (Multi-purpose Hall) အဖြစ် ပြောင်းလဲဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်သော ဘဏ္ဍာငွေကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၏ **ပင်စင်စားဝန်ထမ်းများအကြား ရာထူးအဆင့်အလိုက် ပင်စင်ခံစားခွင့် ညီမျှမှုရှိစေရန်နှင့် သက်ကြီးရွယ်အို ပင်စင်စားများအား ၎င်းတို့၏ဆန္ဒအရ ပင်စင်အပြီးခံစားခွင့်ရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်း၊ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ **ပူတာအိုမြို့နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်စီမံကိန်းရုံးမှာ ၁၉၉၉-၂၀၀၀ တွင် ဒေသထွက် သစ်ပွမျိုးဖြင့်တည်ဆောက်ထားပြီး ယခုအခါ ဆွေးပြီးအပျက်အစီးများနေသောကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းရုံးအား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **ချင်းပြည်နယ်၏ ငွေလုံးငွေရင်းဘဏ္ဍာငွေများကို မြို့နယ်တစ်မြို့နယ်ချင်းစီအလိုက် ခွဲဝေချထားရာတွင် မည်သည့်အချက်အလက်များကို အခြေခံပြီး ခွဲဝေချထားပေးသည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၁ ခုနှစ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာကို ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းနိုင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့ထားသော **၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက ပြင်ဆင်ချက်အဆိုတင်သွင်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြေသိမ်းဥပဒေကြမ်းတစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာက **စစ်မှန်သောဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အလွန်အရေးပါသော အရပ်ဘက်လူထုဆိုင်ရာ ရပိုင်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များကို လေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးမှုရှိစေရန်အတွက် အရပ်ဘက်လူထုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များနှင့် သက်ဆိုင်ကြောင်း နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Civil and Political Rights – ICCPR) ကို လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်း** အဆိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်မှာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ထုတ်ပြန်ကြေညာသော အခြေခံမူများနှင့်အညီ လူသားအားလုံး၏ မွေးရာပါ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုရှိပြီး ဖယ်ရှားမရသော အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူဖြစ်သည့် နိုင်ငံတော်၏တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရန်နှင့် လူ့အခြေခံရပိုင်ခွင့်များကို ကာကွယ်နိုင်ရန်၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်ဖြစ်ပါကြောင်း၊ ထို့ပြင် အသက်ရှင်ရပ်တည်ခွင့်နှင့် လူသားဂုဏ်သိက္ခာ၊ ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ဘဝ၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မလျော်မကန်ပြုမူခြင်းနှင့် အဓမ္မဖမ်းဆီးခြင်းတို့မှ လွတ်မြောက်ခွင့်၊ နိုင်ငံရေးတွင်ပါဝင်ခွင့်နှင့် လူနည်းစုရပိုင်ခွင့်များကို လေးစားလိုက်နာရန် လူ့ဘဝအဆင့်အတန်းကို မြှင့်တင်ရန်နှင့် စာချုပ်ပါရပိုင်ခွင့် ချိုးဖောက်ခံရသူအား ထိရောက်သောကုစားမှုပေးရန်တို့ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လူ့အခွင့်အရေးကို အလေးထားပြီး ကာကွယ်နိုင်မည့် မူဝါဒများ၊ ဥပဒေများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ အထင်အရှားဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေသည် တိုးတက်လာသော်လည်း လိုအပ်မှုများရှိနေပြီး ထိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် နိုင်ငံသားတည်းဟူသော ဘောင်အကန့်အသတ်ကိုသာ အာမခံခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတစ်ခုအတွင်း မှီတင်းနေထိုင်သည့် မည်သူမဆို ထိုရပိုင်ခွင့်များကို စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ တည်ရှိမှုအပေါ် ခြိမ်းခြောက်နေသည့် အရေးပေါ် အခြေအနေတွင် စာချုပ်ပါရပိုင်ခွင့်ကို လျှော့ချခြင်း(အကန့်အသတ်ဖြင့် ကျင့်သုံးခွင့်) ပါရှိသည့်အတွက် အသွင်းကူးပြောင်းခါစ မိမိတို့နိုင်ငံအတွက် စိတ်ပူစရာမလိုဘဲ စာချုပ်အရ စောင့်ထိန်းရမည့် ကတိကဝတ်များနှင့် သွေဖည်သော အရေးယူဆောင်ရွက်မှုများကို မလွှဲမရှောင်သာဆောင်ရွက်ရမည်ဆိုပါက စာချုပ်အဖွဲ့ဝင်နိုင်ငံအစိုးရသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးမှတစ်ဆင့် အခြားသော စာချုပ်အဖွဲ့ဝင်နိုင်ငံ အစိုးရများအား စာချုပ်ပါမည်သည့်အပိုဒ်အား မည်သည့်အတွက်ကြောင့် သွေဖည်ဆောင်ရွက်ရသည်နှင့် မည်သည့်ရက်တွင် ရပ်တန့်မည်ကိုပါအကြောင်းကြားရသည့်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်လည်း ပိုမိုအချိတ်အဆက်မိမိ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး လူ့အခွင့်အရေး တန်ဖိုးထားလေးစားသည့်မိမိတို့နိုင်ငံ၏ပုံရိပ်လည်း ပိုမိုပေါ်လွင်လာမည်ဖြစ်သည့်အတွက် ICCPR စာချုပ်ကို နိုင်ငံတော်မှ လက်မှတ်ရေးထိုးသင့်ပါကြောင်း။

လူ့အခွင့်အရေးကို အမှန်တကယ်လေးစားလိုက်နာသော နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများ ကာကွယ်ပေးနိုင်ရန် ယခင်ကရှိခဲ့သည့် ဖိနှိပ်သောဥပဒေများကို ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင်ပါဝင်သော ရပိုင်ခွင့်များထက် ပိုမိုတိကျသော ရပိုင်ခွင့်များကို အလေးထားကာကွယ်ထိန်းသိမ်းနိုင်ရန် တာဝန်တစ်ရပ်ထမ်းဆောင်နိုင်ရေးအတွက် အဆိုအား လက်ခံဆွေးနွေးပေးပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **စိုက်ပျိုးရေးထွက်ကုန်သီးနှံများ သင့်တင့်မျှတသော ဈေးနှုန်းရရှိရေး ပြည်တွင်းပြည်ပ ဈေးကွက်များရှာဖွေပေးပြီး ဈေးကွက်ခိုင်မာမှုရှိသော သီးနှံများစာရင်းကို ပြည်သူများ သိရှိနိုင်ရန် ရာသီအလိုက်ဖြစ်စေ၊ နှစ်အလိုက်ဖြစ်စေ ပွင့်လင်းစွာ ချပြအသိပေးပါရန်နှင့် အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး အစိုးရနှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တန့်ယန်း မဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်က မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မျက်မှောက်ကာလတိုင်အောင် လယ်ယာကဏ္ဍကို အားထားလျက်ရှိပါကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သည့် ကျေးလက်နေပြည်သူများဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းရှင်ကြီးများ၊ ကုန်သည်ကြီးများနှင့် ပူးပေါင်း၍ ဈေးကွက်တိုးချဲ့ခြင်း၊ ခိုင်မာသည့်ဈေးကွက်ရရှိအောင် ကြိုးပမ်းခြင်းတို့ကို အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ပြည်သူများထံ **စာမျက်နှာ ၈ သို့ »»»**

# ကမ္ဘာ့နိုင်ငံများနည်းတူ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုရှိစေရေး ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတို့က ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့အား ကျား/မ ဆိုင်ရာ အကဲခတ်မှုဆိုင်ရာ အသိပညာပေးရန် အစီအစဉ် ရှိ၊ မရှိ

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၏ **မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးမှု မြင့်မားတိုးတက်လာစေရန် တာဝန်ရှိ မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့အား ကျား/မ ဆိုင်ရာ အကဲခတ်မှုဆိုင်ရာ အသိပညာပေးရန် (Gender Sensitivity Awareness)** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကျား/မ ဆိုင်ရာ အကဲခတ်မှု (Gender Sensitivity Awareness) ဖြစ်ပေါ်မှုများကို တပ်ဖွဲ့ဝင်များမှ သိရှိနားလည်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲလေ့ကျင့်ရေးဌာနကြီးမှ ကြီးမှူးဖွင့်လှစ်သော ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် သင်ကြားပို့ချပေးခြင်းနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) တို့နှင့်ပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျား/မ အခြေပြု (Gender Base) ဖြစ်ပေါ်လာသော မှုခင်းများနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများနှင့် ပြည်သူများအကြား အသိပညာပေးခြင်း လုပ်ငန်းများကိုလည်း အထူးပြု၍အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။


ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ "ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review-UPR)" ဒုတိယအကျော့သုံးသပ်မှုခံယူစဉ် မြန်မာနိုင်ငံအနေဖြင့် ဖော်ဆောင်ရန် လက်ခံခဲ့သည့် အကြံပြုချက်များအပေါ် နောင်လာမည့် UPR တတိယအကျော့၌ အစီရင်ခံစာတင်ပြရန် အဆင်သင့် ဖြစ်၊ မဖြစ် လက်ရှိအနေအထား၏ လိုအပ်မှု သို့မဟုတ် ပြည့်စုံမှုအခြေအနေအရပ်ရပ်အား သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက UPR အကြံပြုတိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို မြန်မာနိုင်ငံအနေဖြင့် National Report ပြုစုရေးသား၍ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လနောက်ဆုံးထား၍ ကုလသမဂ္ဂသို့ တတိယအကျော့ အစီရင်ခံစာအဖြစ် တင်သွင်းရမည်ဖြစ်ပါကြောင်း၊ UPR လုပ်ငန်းစဉ်သည် မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုများကို ကမ္ဘာကသိစေရန် စနစ်တကျဖော်ထုတ်ပြသခွင့်ရမည့် အခွင့်အရေးဖြစ်သည့်အတွက် မိမိတို့အနေဖြင့် အလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ National Report တွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုရှိစေရေး ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိပြီး ပါဝင်သင့် ပါဝင်ထိုက်သည့်ကိစ္စရပ်များ ပါဝင်စေရေးနှင့် ကျန်ရှိမှု မရှိစေရေး အထူးအလေးပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာအုပ်စု အုန်းတောကမ်းကျေးရွာရှိ လေယာဉ်ကွင်းဟောင်းမြေနေရာအား ဘုတ်ပြင်းမြို့နယ် အများပြည်သူပိုင် ပင်လယ်ကမ်းခြေအပန်းဖြေဥယျာဉ်အဖြစ် သတ်မှတ်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဘုတ်ပြင်းလေယာဉ်ကွင်းဟောင်းမြေနေရာသည် မိမိတို့ဝန်ကြီးဌာနက တရားဝင်ပိုင်ဆိုင်ခြင်းမရှိဘဲ မြေစာရင်းမှတ်တမ်းများအရ လေယာဉ်ကွင်းမြေအဖြစ် သတ်မှတ်ထားသည့်မြေနေရာဖြစ်ပါကြောင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အဆိုပါ လေယာဉ်ကွင်းဟောင်းမြေနေရာကို ပြန်လည်စွန့်လွှတ်ပါက အများပြည်သူပိုင် ပင်လယ်ကမ်းခြေအပန်းဖြေဥယျာဉ်အဖြစ် အဆင့်ဆင့်တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားထားပါကြောင်း။

သို့ဖြစ်ပါ၍ ချောင်းကရုက်ကျေးရွာအနီးတွင် ဘုတ်ပြင်းလေယာဉ်ကွင်းသစ်ကို တည်ဆောက်ထားရှိပြီး လေယာဉ်များ ဆင်းသက်အသုံးပြုလျက်ရှိခြင်း၊ အုန်းတောကမ်းကျေးရွာရှိ ဘုတ်ပြင်းလေယာဉ်ကွင်းဟောင်းသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားသော လေယာဉ်ကွင်းများစာရင်းတွင် ပါဝင်မှုမရှိခြင်း၊ အဆိုပါ လေယာဉ်ကွင်းဟောင်းမြေနေရာကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တရားဝင်ပိုင်ဆိုင်မှုမရှိခြင်းတို့ကြောင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က အဆိုပါမြေနေရာကို အများပြည်သူပိုင် ပင်လယ်ကမ်းခြေအပန်းဖြေဥယျာဉ်အဖြစ် အဆင့်ဆင့်တင်ပြ၍ ဆောင်ရွက်ခြင်းအပေါ် ဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ဖြေကြားသည်။




ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ



ဒုတိယဝန်ကြီး ဦးကျော်မျိုး



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ နော်လှလှစိုး



ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်ရှိ ပန်ဝိုင်အခြေခံပညာမူလတန်း(လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ဆရာ ဆရာမ ဦးရေ ထပ်မံတိုးချဲ့ခန့်အပ်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပန်ဝိုင်မြို့နယ် ပန်ဝိုင်အခြေခံပညာမူလတန်း(လွန်)ကျောင်းအား ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လစ်လပ်လျက်ရှိသော မူလတန်းပြ ဆရာ ဆရာမနေရာများအတွက် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ရာထူး တိုး/ပြောင်းများ ဆောင်ရွက်ချိန်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရပြီး ကုန်ထုတ်စခန်း(ယခင်ရဲဘက်စခန်း)များတွင် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်ကြရသည့် အကျဉ်းသားများ၏ တစ်ရက်လုပ်အားခနှုန်းထားများကို ၂၀၀ ကျပ်မှ ပြင်ပတစ်ရက် လုပ်အားခ ၄၈၀၀ ကျပ်၏ သုံးပုံတစ်ပုံခန့်သို့ တိုးမြှင့်သတ်မှတ်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့အား နိုင်ငံတကာရဲတပ်ဖွဲ့များကဲ့သို့ အဆင့်မီတပ်ဖွဲ့ဖြစ်ရေး မည်ကဲ့သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း**မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **မြန်မာနိုင်ငံ၏ အရေးအကြီးဆုံး အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီးအား ရေရှည်တည်တံ့စေရန်အတွက် ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် ထိန်းသိမ်းသွားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးကလည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ချင်းတိုင်းရင်းသားစာကို မည်ကဲ့သို့ သင်ကြားပေးနေသည်ကို သိရှိလိုခြင်း**မေးခွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြူးလွင်၏ **မြန်မာနိုင်ငံရှိ အခြေခံပညာမူလတန်းကျောင်းများမှ လုပ်သက် ၁၂ နှစ်အထက်ရှိ မူလတန်းကျောင်းအုပ်ကြီးများ၏ အပြောင်းအရွှေ့နှင့် လုပ်သက်ရင့် လယ်ပြ-၂၊ လယ်ပြ-၃ ဆရာ ဆရာမများ၏ ရာထူးတိုး/အပြောင်းအရွှေ့ကိစ္စများနှင့်ပတ်သက်၍ မည်သို့မူဝါဒချမှတ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင် အကြီးစားပြင်ဆင်သည့်လုပ်ငန်းတစ်ရပ်လုံးနှင့်ပတ်သက်ပြီး ဆောင်ရွက်သည့် ကုမ္ပဏီနှင့် တာဝန်ရှိသူများကို စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် **ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

---

»»» စာမျက်နှာ ၇ မှ

ပွင့်လင်းမြင်သာစွာထုတ်ပြန်ပေးရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးတောင်သူများ အာမခံချက်ရရှိရန် မျိုးစေ့နှင့် ဓာတ်မြေဩဇာတင်သွင်းရောင်းချသည့် ကုမ္ပဏီများအား ထွက်ရှိလာသည့် ထွက်ကုန်ပစ္စည်းများကို ပြန်လည်ဝယ်ယူပေးရေး အာမခံချက်ရှိရန် စာချုပ်ချုပ်ဆိုပြီးမှသာ ပြည်တွင်းသို့ မျိုးစေ့များ တင်သွင်းရောင်းချခြင်းကိုလည်း ကြပ်မတ်ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်နှင့် ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကျယ်ပြန့်များပြားသည့် သီးနှံမျိုးစုံကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည့် ပထဝီအနေအထားကိုလည်း ပိုင်ဆိုင်ထားပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးပြီး တိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးတို့အတွက် သီးနှံမျိုးစုံမှ ဈေးကွက်ဝင်သီးနှံများ ဖော်ထုတ်ရေး၊ အထွက်နှုန်းနှင့် အရည်အသွေးမြင့်မားရေး၊ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ပေါ်ပေါက်ရေးတို့သည် ဦးစားပေးလုပ်ငန်းရပ်များဖြစ်ပါကြောင်း။

ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ကြိုးစားရာတွင် ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးနှင့် ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးအတွက် ဒေသ၊ ရေမြေနှင့်ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များ၊ သီးနှံပုံစံများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် တောင်သူများပူးပေါင်းပြီး အကျိုးတူလယ်ယာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

စိုက်ပျိုးထုတ်ကုန်များ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ တင်ပို့နိုင်ရန် ကုန်သွယ်နိုင်ငံများ၏ လိုအပ်ချက်များအရ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်များဖြစ်သည့် ပို့ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုစစ်ဆေးခြင်း၊ အဆိပ်ဖြစ်သတ္တုပါဝင်မှုစစ်ဆေးခြင်း၊ မှိုအဆိပ်ပါဝင်မှုစစ်ဆေးခြင်းတို့ကို ထွက်ကုန်အလိုက် သတ်မှတ်ချက်ထက် ကျော်လွန်မှုမရှိစေရန် ဓာတ်ခွဲစမ်းသပ် အဖြေထုတ်ထောက်ခံပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အရည်အသွေးပြည့်ဝသည့် ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေထက် ကျယ်ပြန့်နေသည့်အတွက် လုပ်ငန်းအစီအမံများကို အဆင့်လိုက် မြှင့်တင်ဆောင်ရွက်သွားမှသာ ထိရောက်အောင်မြင်မည် ဖြစ်ပါကြောင်း။

လက်ရှိ ဒေသတွင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံ နှိုင်းယှဉ်ပါက ကွာဟချက်ရှိနေဆဲဖြစ်ပါကြောင်း၊ သို့သော် ဝန်ကြီးဌာနအနေဖြင့် ရှိရင်းစွဲ အရင်းအမြစ်များကိုအသုံးချပြီး အရည်အသွေးပြည့်ဝသည့် ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများ ဟန်ချက်ညီဖြစ်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုသုံးသပ်ချက်၊ ဆွေးနွေးချက်များနှင့်ပါ မှတ်သားလေ့လာကာ ပေါင်းစပ်ညှိနှိုင်းပြီး အလေးအနက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အဆိုအား မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒရယူရာ ထောက်ခံမဲ ၁၇၂ မဲ၊ ကန့်ကွက်မဲ ၁၃၁ မဲနှင့် ကြားနေမဲ မရှိသဖြင့် ထောက်ခံမဲများသည့်အတွက် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြန်ကြားရေး၊ ဟိုတယ်ခရီးနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်



ပြန်ကြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့၏ ပြည်သူ့အတွက် တတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

**နေပြည်တော် မေ ၂၁**

ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အဓိကတာဝန်(၃)ရပ်**

သတင်းစာရှင်းလင်းပွဲတွင်ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အဓိကတာဝန်(၃)ရပ်ဖြစ်သည့် သတင်းအချက်အလက်ပေးခြင်း၊ အများပြည်သူအသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် အလုပ်များလုပ်ခြင်း၊ အများပြည်သူအတွက် ဖျော်ဖြေမှုများတင်ဆက်ပေးခြင်း ဟူသည့် အလုပ်များကို လုပ်ဆောင်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနသည် အစိုးရနှင့် ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးသည့်ဌာနဖြစ်ပါကြောင်း၊ ယင်းအလုပ်ကို လုပ်ဆောင်ရာတွင် ယနေ့ပြုလုပ်သည့် ဝန်ကြီးဌာနများ၏ သတင်းစာရှင်းလင်းပွဲသည်လည်း အစိုးရနှင့် အများပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးသည့် အလုပ်တစ်ခုပင်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏အလုပ်ကိုဆောင်ရွက်သကဲ့သို့ အခြားဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အများပြည်သူနှင့် ထိတွေ့စေရန်အတွက်လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း။

ထို့ပြင် မိမိတို့အနေဖြင့် အများပြည်သူအချင်းချင်း ထိတွေ့ပြီး ပြောဆိုဆွေးနွေးဖလှယ်နိုင်ရန်၊ အများပြည်သူ၏ အသိအမြင်၊ အတွေးအခေါ်၊ အယူအဆနှင့် သဘောဆန္ဒများ ဖြန့်ချိနိုင်ရန်လည်း လုပ်ဆောင်လျက်ရှိပါကြောင်း။

ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဟူ၍ ဌာနလေးခုရှိပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ၎င်းတို့ ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်သကဲ့သို့ ပုဂ္ဂလိကရုပ်သံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လည်း ဆောင်ရွက်ပါကြောင်း၊ အဓိကဆောင်ရွက်နိုင်သည်မှာ ပြီးခဲ့သည့် တစ်နှစ်တာအတွင်း လုပ်ငန်းရှင် Content Provider ငါးဦး လုပ်ခွင့်ရအောင် စီစဉ်ပေးနိုင်ခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့သည် ပြီးခဲ့သည့် တစ်နှစ်တာအတွင်း စတင်ပြီး မိတ်ဆက်ထုတ်လွှင့်ခြင်းများ လုပ်ဆောင်နေပြီဖြစ်ပါကြောင်း။

**ဥပဒေပြဋ္ဌာန်း**

ပုဂ္ဂလိက ရုပ်သံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့် အစီအစဉ်တွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဥပဒေပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကို မူကြမ်းပြင်ဆင်ခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းဥပဒေပြီးစီးပါက ဥပဒေနှင့် နည်းဥပဒေတွင် ပါဝင်သည့် ရုပ်သံကောင်စီကို ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ ရုပ်သံကောင်စီဖွဲ့စည်းပြီးပါက ရုပ်သံလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ရှိပါကြောင်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဥပဒေ၊ နည်းဥပဒေထွက်ရှိပြီးပါက ရေဒီယိုအတွက်လည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုလောလောဆယ်တွင် ရေဒီယိုနှင့်ပတ်သက်သည့် စမ်းသပ်အစီအစဉ်တစ်ခုဖြစ်သည့် ရန်ကုန်မြို့အနီး ထန်းတပင်မြို့တွင် ခရေ FM ကို ဆောင်ရွက်နေပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ရှိသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများအတွက် လမ်းဖွင့်ပေးသည့် အစီအစဉ်ဖြစ်ပါကြောင်း။

အလားတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြို့တိုင်း၊ ခရိုင်တိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်နှင့် ရုံးများ ဖွင့်လှစ်ထားပါကြောင်း၊ ယင်းစာကြည့်တိုက်နှင့် ရုံးများကို အသွင်ပြောင်းလဲနိုင်သလောက် ပြောင်းလဲပြီး အနှစ်သာရပိုင်းတွင်လည်း များစွာပြောင်းလဲနေပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ စာကြည့်တိုက်များကို ပြည်သူ့စာကြည့်တိုက်များဟုခေါ်ဆိုကာ သတ်မှတ်ထားသည့်အချိန်တွင် မည်သူမဆို အခမဲ့ စာအုပ်ငှားရမ်းပေးနိုင်သည့် တာဝန်ကို ထမ်းဆောင်ပါကြောင်း။

သို့သော် ယခုခေတ်တွင် စာဖတ်သူများ နည်းပါးလာသဖြင့် စာဖတ်သည့် အလုပ်တိုးတက်လာအောင်၊ အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်အောင် စာကြည့်တိုက်ကို စာဖတ်မည့်သူများထံ ရောက်အောင်ပို့သည့်စနစ်ကို တတ်နိုင်သလောက် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ဆောင်ရွက်နေမှုများရှိသကဲ့သို့ Shanti Volunteer Association နှင့်တွဲ၍လည်း ဆောင်ရွက်နေမှုများ ရှိပါကြောင်း။

ထို့ပြင် နိုင်ငံအတွင်း ဒီမိုကရေစီအလေ့အကျင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုသည့် အလေ့အကျင့်၊ စနစ်တကျ ဆွေးနွေးငြင်းခုံသည့် အလေ့အထ၊ ဒီမိုကရေစီယဉ်ကျေးမှုအလေ့အထ ထွန်းကားရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

**အနုပညာဝိုင်းများဖွဲ့စည်း**

ထို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနရုံးများကို Community Centre များအဖြစ် ပြောင်းလဲပြီး အများပြည်သူဆွေးနွေးနှီးနှောဖလှယ်နိုင်ရန်အတွက် လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ ထိုအရာကို အစပျိုးဆောင်ရွက်သည့်အနေဖြင့် ဝါသနာရှင်အဖွဲ့များ၊ လူငယ်များဖြင့် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ စာဖတ်ဝါသနာပါသည့် လူငယ်များအတွက် စာဖတ်ဝိုင်းများ ဖွဲ့ပေးခြင်းနှင့် အနုပညာသမားများအတွက် အနုပညာဝိုင်းများ ဖွဲ့စည်းပေးထားပါကြောင်း။

ထို့ပြင် အစိုးရပိုင်းဖြစ်သည့် ဌာနအသီးသီးတွင် တာဝန်ယူထားသည့် ပုဂ္ဂိုလ်များနှင့် ပြည်သူများနှင့် ထိတွေ့ပြီး ဆွေးနွေးပြောဆိုသော Public Talk (ပြည်သူ့စကားဝိုင်း) အစီအစဉ်များ ပြုလုပ်ပေးထားပါကြောင်း၊ ပြည်သူ့စကားဝိုင်းများတွင် အဓိကဆွေးနွေးမည့် အကြောင်းအရာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်ပြီး ထိုခေါင်းစဉ်ကို ဆွေးနွေးပြောဆိုရန်အတွက် သက်ဆိုင်ရာ နယ်မြေဒေသမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုမှ တာဝန်ရှိသည့် အရာရှိတစ်ဦးဦး သို့မဟုတ် ထိုကဏ္ဍတွင် ဆောင်ရွက်သည့် NGO၊ အရပ်ဘက်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်တစ်ဦးဦးပါဝင်လေ့ရှိပါကြောင်း၊ ထိုလေးငါးဦးက ဦးဆောင်ဆွေးနွေးပြီး ပြည်သူကမေးသည့် မေးခွန်းများကို ပြန်လည်ဆွေးနွေးဖြေကြားပါကြောင်း၊ ထိုအရာသည် မိမိတို့ တိုင်းပြည်တွင် ဒီမိုကရေစီအလေ့အကျင့် ထွန်းကားလာရန် ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ပါကြောင်း။

ကျေးလက်ဒေသတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစကားဝိုင်းများ ကျင်းပပါကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် စကားဝိုင်းအလေ့အကျင့် စတင်ပျိုးထောင်ခဲ့ပါကြောင်း၊ ပြည်သူကြားတွင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးသည့် ဆွေးနွေးပွဲများကို ယခုမှ စတင်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အများစိတ်ဝင်စားသည့် ခေါင်းစဉ်များ၊ ဦးဆောင်ဆွေးနွေးသည့်သူများက ပြောလာသည့်ခေါင်းစဉ်များ၊ ပရိသတ်ထဲမှ နောက်ထပ်ခေါင်းစဉ်များ၊ ရပ်ရွာအတွက် အရေးကြီးသည့်ကိစ္စများကို ဆွေးနွေးနေပါကြောင်း၊ လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ပြီး ပြည်သူ့စကားဝိုင်းပေါင်း တစ်ထောင်ကျော်ခန့် ပြုလုပ်ပြီးဖြစ်ပါကြောင်း။

အများပြည်သူအကြားတွင် ဆွေးနွေးသကဲ့သို့ ပညာရှင်အသိုင်းအဝိုင်းတွင်လည်း ဆွေးနွေးသည့် အလေ့အထရရှိအောင် ဆောင်ရွက်နေသည်များလည်းရှိပါကြောင်း၊ ရန်ကုန်မြို့ သိမ်ဖြူလမ်းတွင် ဆွေးနွေးပွဲများ၊ စကားဝိုင်းများ၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်းများရှိသကဲ့သို့ မကြာမီ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များလည်း ရှိပါကြောင်း။

**ဆွေးနွေးပွဲများကျင်းပ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွဲ့စည်းထားသည့် သုတေသနအဖွဲ့က ဦးဆောင်၍ ဆွေးနွေးပွဲကျင်းပသည်များလည်းရှိပါကြောင်း၊ ထိုဆွေးနွေးပွဲများကို အခြေခံ၍ စာစောင်များ ပုံမှန်ထုတ်ဝေနေသည်များလည်း ရှိပါကြောင်း၊ ကမ္ဘာရေးရာစာစောင်၊ မြန်မာရေးရာစာစောင်၊ တိုင်းရင်းသားရေးရာ စာစောင်ဟူ၍ရှိပြီး ထိုစာစောင်များကိုအခြေခံ၍ ဆွေးနွေးပွဲများ ကျင်းပနေပါကြောင်း၊ ကမ္ဘာနှင့် မြန်မာဆက်စပ်သည့် အနေအထားများကို အခြေခံသည့်ဆွေးနွေးပွဲများလည်း ကျင်းပရန်ရှိပါကြောင်း။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၏ စာရွက်စာတမ်းများ၊ ပြန်တမ်းများပုံနှိပ်ခြင်း၊ အစိုးရဝန်ကြီးဌာနများ၏ စာရွက်စာတမ်းများ၊ ရွေးကောက်ပွဲများ၊ ရန်ကုန်တွင် ကျင်းပသည့် စည်ပင်ရွေးကောက်ပွဲ မဲစာရင်း၊ မဲလက်မှတ်များ ရိုက်နှိပ်ပေးခြင်း ဆောင်ရွက်နေသလို လာမည့် ရွေးကောက်ပွဲတွင်လည်း ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ မဲလက်မှတ်များ ရိုက်နှိပ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ခြင်းကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ၃၅ သန်းပုံနှိပ်ခဲ့ပြီး ယခုနှစ်တွင် ၃၉သန်း ပုံနှိပ်ရမည်ဖြစ်ပါကြောင်း၊ ပုံနှိပ်သည့်ပမာဏသည် ပြင်ပစာအုပ်ထုတ်ဝေရေးလုပ်ငန်းများ ထုတ်ဝေနေသည့် အရေအတွက်ထက် ပိုမိုများပြားပါကြောင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက အခြားထုတ်ဝေနေသည်များလည်း ရှိပါကြောင်း၊ စာပေဗိမာန်မှ စာအုပ်ထုတ်ဝေရေး၊ စာပေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဆောင်ရွက်နေသည်များလည်း များစွာရှိပါကြောင်း။

နောက်ထပ်ဌာနတစ်ခုမှာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဖြစ်ပါကြောင်း၊ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာဆိုသည့် မြန်မာသတင်းစာများနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာ အင်္ဂလိပ်သတင်းစာထုတ်ဝေနေပြီး Myanmar Digital News ဆိုသည့် Online သတင်းစာထုတ်နေပါကြောင်း။

ထိုသတင်းစာများသည် အစိုးရနှင့်ပြည်သူကြား ဆက်သွယ်ပေါင်းကူးသည့် အလုပ် သို့မဟုတ် သတင်းပြန်ကြားသည့်အလုပ်ကို အဓိကလုပ်ပါကြောင်း၊ အစိုးရဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ ဆောင်ရွက်ချက်များကို ပြည့်ပြည့်စုံစုံ ဖော်ပြပေးနေပါကြောင်း၊ လွှတ်တော်များက ဆောင်ရွက်နေပုံများ၊ လွှတ်တော်များ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဖော်ပြနေပါကြောင်း၊ လွှတ်တော်နှင့် ပတ်သက်သည့် သတင်းတင်ပြပုံများကို ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောင်းလဲတင်ပြရန် မိမိတို့စဉ်းစားနေသလို လွှတ်တော်ဘက်ကလည်း အကြံဉာဏ်ရယူရန် ညှိနှိုင်းထားပါကြောင်း၊ ဆိုလိုသည်မှာ မဏ္ဍိုင်(၃)ရပ်၏ ဆောင်ရွက်ချက်များကို မိမိတို့အနေဖြင့် တင်ပြပေးနေပါကြောင်း။

**ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်**

နောက်တစ်ခုမှာ အများပြည်သူအကြား၊ နိုင်ငံအနှံ့အပြားနှင့် ကမ္ဘာတွင်ဖြစ်ပျက်နေသည့်ကိစ္စများကို အများပြည်သူကို အသိပေးနိုင်ရန်အတွက် သတင်းစာများက ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုအခါ နည်းပညာပြောင်းလဲလာသည့်အတွက် ပုံနှိပ်မှ အီလက်ထရွန်နစ်မီဒီယာဘက်ကို ရွေ့ပြောင်းလာပါကြောင်း၊ ပုံနှိပ်မီဒီယာကျဆင်းနေပြီး အွန်လိုင်းမီဒီယာများ ဖွံ့ဖြိုးတိုးတက်လာပါကြောင်း၊ ထိုကာလတွင် မိမိတို့သည်လည်း ပုံနှိပ်တွင် ရပ်တန့်မနေဘဲ အွန်လိုင်းမီဒီယာသို့ ပြောင်းလဲနိုင်ရန် ကြိုးစားနေပါကြောင်း၊ ထို့ကြောင့် Myanmar Digital News ကို ပြီးခဲ့သည့်နှစ်မှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုကဏ္ဍကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုသော၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သော၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော၊ လူထုလူတန်းစားအသီးသီးကို တိုက်ရိုက်၊ သွယ်ဝိုက်၊ တစ်ဆင့်ခံနည်းလမ်းများနှင့် ဝင်ငွေများစီးဝင်မည့် အကျိုးကျေးဇူးများရရှိစေနိုင်သော မီးခိုးမထွက်သည့် စက်ရုံလုပ်ငန်းတစ်ခုဖြစ်ခြင်းကြောင့် နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူခဲ့ရာမှ ယနေ့အထိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားဧည့်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားစွာ ဝင်ရောက်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမှ အကျိုးရလဒ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသခံများ ပျံ့နှံ့ရရှိခံစားနိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်းကော်မတီကို ၂၀၁၉ ခုနှစ် မတ် ၃ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁၅) ခုကို ၂၀၁၉ ခုနှစ် ဧပြီ ၁၂ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း။ **စာမျက်နှာ ၁၀ သို့ »»**

»» စာမျက်နှာ ၉ မှ

ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် တည်းခိုရိပ်သာ ကြိုတင်ဆောက်လုပ်ခွင့်အမိန့်၊ ဟိုတယ်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်၊ တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့် စသည့် အမိန့်ငါးမျိုးကို ၂၀၁၉ ခုနှစ် မတ် ၁၄ ရက်တွင် ထုတ်ပြန်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအကြောင်း ထိရောက်စွာ မြှင့်တင်ကြော်ငြာရေးအတွက် အဓိက မဟာဗျူဟာချမှတ်ပြီး တွန်းအားပေးဆောင်ရွက်နေသော Digital Marketing လုပ်ငန်းများကို ဝန်ကြီးဌာနတွင် ၂၀၁၉ ခုနှစ် ဧပြီ ၁၀ ရက်ကတည်းက စတင်ဆောင်ရွက်နေပါကြောင်း။

**နေ့စဉ် လွှင့်တင်ဖော်ပြ**

www.tourism.gov.mm Website ကို ၂၀၁၉ ခုနှစ် ဧပြီ ၁၀ ရက်မှ စတင်၍ Web Design အသစ်ဖြင့် လွှင့်တင်ခဲ့ပြီး Social Media Platform များတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအတွက် မြှင့်တင်ကြော်ငြာပေးမည့် ခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်မှုများအကြောင်းကို Posts များ၊ Photos များ၊ Videos များကို နေ့စဉ် လွှင့်တင်ဖော်ပြပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို ရည်မှန်းထားသည့် ဈေးကွက်နိုင်ငံများသို့ ပိုမိုကျယ်ပြန့်စွာ ရောက်ရှိစေရန်အတွက် Paid Marketing Campaign များဖြစ်သော Google Marketing နှင့် Social Media Marketing လုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဧပြီလမှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုကဲ့သို့ Digital Marketing Campaign ပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကို ပိုမိုမြှင့်တင်နိုင်ခြင်း၊ နိုင်ငံ၏ ကောင်းသတင်းများကို Social Media Accounts မျိုးစုံတွင် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ထိရောက်စွာ မြှင့်တင်ကြော်ငြာနိုင်ခြင်း၊ ခရီးသွားလုပ်ငန်း၏ အဓိကရည်မှန်းဈေးကွက်နိုင်ငံများသို့ ပိုမိုထိရောက်စွာ ဆွဲဆောင်ကြော်ငြာပေးနိုင်ခြင်းနှင့် အခြားနိုင်ငံများမှ Online User များမှ လာရောက်ကြည့်ရှုမှု ပိုမိုများပြားလာစေပြီး မြန်မာနိုင်ငံအကြောင်း ပိုမိုနားလည်သိရှိစေရာ လာရောက်လည်ပတ်လိုသောစိတ်များ ဖြစ်ပေါ်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

လက်ရှိဆောင်ရွက်လျက်ရှိသော Google နှင့် Social Media တို့တွင် ပြုလုပ်လျက်ရှိသည့် Paid Marketing Campaign များအပြင် YouTube တွင် Video Campaigns များ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

ခရီးသွားဧည့်သည်များနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၌ လုပ်ကိုင်ဆောင်ရွက်နေသူများအတွက် အထောက်အကူများစွာပေးနိုင်မည့် www.travelmyanmar.com.mm (Tourism Web Portal) ကို မကြာမီလွှင့်တင်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဖွင့်လှစ်**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ်ဂိတ်များဖြစ်သည့် (တာချီလိတ်- မယ်ဆိုင်)၊ (မြဝတီ- မဲဆောက်)၊ (ကော့သောင်း- ရနောင်း)၊ (ထီးခီး- ဖူနာရွန်)နယ်စပ်ဂိတ်များကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် အပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်/ထွက်ပေါက်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ မြန်မာ- အိန္ဒိယနယ်စပ်ဂိတ်များဖြစ်သည့် (တမူး- မိုရေး)၊ (ရိခေါဒါရ်- ဇိုခေါသာ) နယ်စပ်ဂိတ်များအား ၂၀၁၈ ခုနှစ် ဩဂုတ် ၈ ရက်တွင် အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်/ထွက်ပေါက်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ခရီးသည် ပိုမိုလာရောက်ရန်အတွက် ရှမ်းပြည်နယ်တွင် တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်းကြောင်း Permission Tour များ သွားလာနိုင်ရေး သဘောတူခွင့်ပြု၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

မွန်ပြည်နယ်တွင် ဘီးလင်းမြို့နယ်အတွင်း တောင်ကြီးကျေးရွာအနီးရှိ ကေလာသတောင်၊ မဲလံကျေးရွာအနီးရှိ ကျောက်ပိဘုရားနှင့် ကျောက်တံခါးစေတီ၊ သထုံမြို့နယ်အတွင်း နန်းခဲရပ်ကွက်ရှိ မြသပိတ်စေတီ၊ သံဖြူဇရပ်မြို့ရှိ ဝဲကလိရေပူစမ်း၊ ပဆားကွင်း၊ သေမင်းတမန် ရထားလမ်းပြတိုက်၊ မဟာမိတ်စစ်သင်္ချိုင်း၊ ကျိုက္ခမီ ရေလယ်ဘုရားနှင့် စက်စဲကမ်းခြေတို့ကို ခရီးသည် ပိုမိုလာရောက်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်

အလားတူ ကယားပြည်နယ်တွင် ဒီးမော့ဆိုမြို့နယ် ဒေါကလော်ဒူကျေးရွာအနီးရှိ ဒေါကလော်ဒူနှင့် တနီးလာလဲကျေးရွာ၊ ငွေတောင်ကျေးရွာအုပ်စုရှိ ငွေတောင်ကျေးရွာ၊ ပန်ပက်ကျေးရွာအုပ်စုရှိ ပန်ပက်ရွှမ်းကူ၊ ပန်ပက်ဆောင်းလူး၊ ပန်ပက်ပယ်မဆောင်၊ ပန်ပက်ကတဲကူနှင့် ပန်ပက်ဒေါကီးကျေးရွာများ၊ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ဘော်လခဲမြို့၊ ဖားဆောင်းမြို့၊ မယ်စဲ့မြို့တို့ကို ခရီးသွား ပိုမိုလာရောက်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ခွင့်ပြုခဲ့သည့် နိုင်ငံများ၏ ဗီဇာကိစ္စနှင့်ပတ်သက်၍ထပ်မံပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ တစ်နှစ်သက်တမ်းတိုးရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၈ ခုနှစ်တွင် ခရီးသွား ၃ ဒသမ ၅၅ သန်းလာရောက်ပြီး ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၄၄ သန်းလာရောက်သဖြင့် သုည ဒသမ ၁၁ သန်း တိုးတက်ကာ ၃ ဒသမ ၁၅ ရာခိုင်နှုန်း တိုးတက်မှုရှိပါကြောင်း။

လေကြောင်းလိုင်း၊ အပျော်စီးသင်္ဘောနှင့် နယ်စပ်ဝင်ပေါက်များမှ Passport Visa ဖြင့် ဝင်ရောက်သူများမှာ ၂၀၁၈ ခုနှစ်တွင် ၁ ဒသမ ၃၉ သန်းရှိပြီး ယခင် ၂၀၁၇ ခုနှစ်တွင် ၁ ဒသမ ၃၆ သန်းရှိသဖြင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၅၈ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း။

နယ်စပ်ဒေသများတွင် (Border Pass Entry Permit တို့ဖြင့်) လာရောက်မှုအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ၂ ဒသမ ၁၅ သန်းရှိပြီး ယခင် ၂၀၁၇ ခုနှစ်တွင် ၂ ဒသမ ၀၈ သန်းရှိသဖြင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၅၂ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ၁ ဒသမ ၅ သန်းကျော်ရှိပြီး ၂၀၁၈ ခုနှစ် အလားတူ လေးလတွင် ၁ ဒသမ ၂၃ သန်းခန့် လာရောက်သဖြင့် ၂၃ ရာခိုင်နှုန်း တိုးတက်ပါကြောင်း။

**၃၀ ရာခိုင်နှုန်းကျော် တိုးတက်**

လေကြောင်းလိုင်း၊ အပျော်စီးသင်္ဘောနှင့် နယ်စပ်ဝင်ပေါက်များမှ Passport Visa ဖြင့် ဝင်ရောက်သူများမှာ ၂၀၁၉ ခုနှစ် ဧပြီလအထိတွင် သုည ဒသမ ၆၅ သန်းရှိပြီး ယခင် ၂၀၁၈ ခုနှစ်တွင် သုည ဒသမ ၅ သန်းရှိသဖြင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းကျော် တိုးတက်လာပါကြောင်း။

နယ်စပ်ဒေသများတွင် (Border Pass Entry Permit တို့ဖြင့်) လာရောက်မှုအနေဖြင့် ၂၀၁၉ ခုနှစ် ဧပြီလအထိ သုည ဒသမ ၈၅ သန်းကျော်ရှိပြီး ယခင် ၂၀၁၈ ခုနှစ် အလားတူ လေးလတွင် သုည ဒသမ ၇၃ သန်းခန့်ရှိသဖြင့် နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း။

ခရီးသွားလုပ်ငန်းဥပဒေအသစ် မပြဋ္ဌာန်းမီကာလ ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်းလိုင်စင်များ ထုတ်ပေးခဲ့ရာ ဟိုတယ်နှင့်တည်းခိုရိပ်သာ ၁၁၄ လုံးနှင့် ၄၁၈၉ ခန်း၊ ခရီးလှည့်လည်ရေးလိုင်စင် ၁၁၉ ဦး၊ ဧည့်လမ်းညွှန် ၃၉၈ ဦး ခွင့်ပြုခဲ့ပါကြောင်း။

ယခုလိုင်စင်ထုတ်ပေးမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ဦးစီးသည့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများက ဥပဒေအမိန့်များနှင့်အညီ လိုင်စင်ထုတ်ပေးခြင်း၊ ရုပ်သိမ်းခြင်း၊ သက်တမ်းတိုးခြင်းများကို သက်ဆိုင်ရာ ပြည်တွင်းအခွန်ဦးစီးဌာနတွင် သက်ဆိုင်သည့် အခွန်ပေးဆောင်ပြီးလျှင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ လုပ်ငန်းများ ပိုမိုလျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း။

**အရှိန်အဟုန်မြှင့်တင်**

လူထုအခြေပြုခရီးသွားလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံတစ်ရပ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဝိုင်းဝန်းကူညီမှုဖြင့် ကျေးရွာလူထု၏ သဘောထားနှင့် သဘောတူညီမှုတို့ဖြင့် ၂၀၁၆ ခုနှစ်မှ စတင်၍ စမ်းသပ်စီမံကိန်းခြောက်ခုဖြင့် ဆောင်ရွက်လုပ်ကိုင်ခဲ့ရာ ယနေ့အခါတွင် လူသိပိုမိုများပြားပြီး စိတ်ဝင်စားလာသော ခရီးသွားလုပ်ငန်းတစ်ရပ် ဖြစ်လာသည်နှင့်အမျှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း။

လူထုအခြေပြုခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေရသည့် အဓိကရည်ရွယ်ချက်များမှာ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နစ်နာစေမည့် ဘေးထွက်ဆိုးကျိုးများမရှိစေဘဲ ဒေသခံပြည်သူလူထုများ၏ဝင်ငွေ၊ လူနေမှုအဆင့်အတန်း၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လုပ်ပိုင်ခွင့်များ၊ ဝန်ဆောင်မှုအရည်အသွေးများ၊ အသိပညာဗဟုသုတများ စသည်တို့ကို စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပြီး အဆိုပါခရီးသွားလုပ်ငန်းမှ ဖြစ်ထွန်းရရှိလာမည့် အကျိုးကျေးဇူးများကိုလည်း ဒေသခံပြည်သူများ ခံစားကြစေရန်ဖြစ်ပါကြောင်း။

> **“နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူခဲ့ရာမှ ယနေ့အထိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် ခရီးသွားဧည့်သည် တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးတက်များပြားစွာ ဝင်ရောက်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမှ အကျိုးရလဒ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ဒေသခံများ ပျံ့နှံ့ရရှိခံစားနိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်လျက်ရှိပါကြောင်း”**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်း အမျိုးအစားပေါင်း ၁၅ မျိုးအား အကြိမ်ပေါင်း ၁၄၀ ဖြင့် သင်တန်းသားဦးရေ ၁၄၀၆၂ ဦးအား မွေးထုတ်ပေးခဲ့ပါကြောင်း။

ဧည့်လမ်းညွှန်များသည် မြန်မာနိုင်ငံ၏သံတမန်များဖြစ်ပြီး အရည်အသွေးရှိသည့် ဧည့်လမ်းညွှန်များကို မိမိတို့ဝန်ကြီးဌာနအောက်ရှိ ခရီးသွားသင်တန်းကျောင်းမှ မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ တစ်နှစ်တာကာလအတွင်း ဧည့်လမ်းညွှန် ၁၉၁ ဦး၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန် ၉၁၆ ဦးကို သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်မည့်ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (Tourism Master Plan) (၂၀၂၀- ၂၀၂၅ အထိ) ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေးဆွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍမှ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ဝန်ကြီးဌာန၏ အနာဂတ်မျှော်မှန်းချက်မှာ “နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များဖြစ်သည့် သစ်တောသယံဇာတ၊ သတ္တုသယံဇာတ၊ ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်သယံဇာတများကို လက်ရှိနှင့် အနာဂတ် နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်သွားရန်” ဖြစ်ပါကြောင်း။

ထိုအနာဂတ်ရည်မှန်းချက်ရရှိရေးအတွက် ဝန်ကြီးဌာနအနေဖြင့်ရည်ရွယ်ချက် သုံးရပ်အဖြစ် နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရန်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေးအတွက် ရေရှည်တည်တံ့စေသောနည်းလမ်းဖြင့် နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ထိခိုက်ပျက်စီးမှုများ တတ်နိုင်သမျှ လျော့နည်းသက်သာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဟန်ချက်ညီညီ သဟဇာတရှိရှိဖြစ်စေရန်တို့ကို ချမှတ်၍ နိုင်ငံသားများ၏ အကျိုးစီးပွားကို အထောက်အပံ့ပြုရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေမှာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ထုတ်ပြန်ခဲ့သည့် သစ်တောဖုံးလွှမ်းမှု ဆန်းစစ်လေ့လာခြင်း (၂၀၁၅)အရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် ၂၀၁၅ ခုနှစ်တွင် စုစုပေါင်း ၁၁၂၂၇ စတုရန်းမိုင်ဖြစ်၍ နိုင်ငံအကျယ်အဝန်း၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိပါကြောင်း၊ FAO မှ သစ်တောဖုံးလွှမ်းမှုဆန်းစစ်လေ့လာခြင်းကို ငါးနှစ်လျှင် တစ်ကြိမ် ထုတ်ပြန်ပါကြောင်း။

ထို့ကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် တစ်နှစ်တာကာလအတွင်း ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၂၆ ခုနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ သုံးခု တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ လက်ရှိအချိန်အထိ ဖွဲ့စည်း/သတ်မှတ်ပြီးစီးမှုမှာ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော ၁၂၂၄ ခု၊ ဧရိယာ ၄၂၃၁၂၇၇၃ ဧက၊ နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၃၁ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၃ ခု၊ ဧရိယာ ၉၇၄၀၀၇၉ ဒသမ ၄၂ ဧက၊ နိုင်ငံဧရိယာ၏ ၅ ဒသမ ၈၃ ရာခိုင်နှုန်းကို သတ်မှတ်ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

**သစ်တောစိုက်ခင်းများမှ ကျွန်းထုတ်လုပ်**

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ သစ်တောများ တည်ထောင်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ၁၉ ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပိုင်စိုက်ခင်း ၃၀၈၉၂ ဧက တည်ထောင်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နှစ်စဉ်တောထွက်ပမာဏ၏ ကျွန်း ၅၅ ရာခိုင်နှုန်းနှင့် သစ်မာ ၃၃ ရာခိုင်နှုန်း၊ ၂၀၁၈-၂၀၁၉ခုနှစ်တွင် နှစ်စဉ်တောထွက်ပမာဏ၏ ကျွန်း ၃၉ ရာခိုင်နှုန်းနှင့် သစ်မာ ၂၇ ရာခိုင်နှုန်းသာ ထုတ်လုပ်ခဲ့ပြီး သစ်တောစိုက်ခင်းများမှ ကျွန်းထုတ်လုပ်ခြင်းကို ၂၀၁၈-၂၀၁၉ ခုနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်လာစေရေး၊ သဘာဝတောများအတွင်း သစ်တောပြုစုထိန်းသိမ်းခြင်း၊ ကုန်းမြေများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ၂၀၁၉- ၂၀၂၀ ခုနှစ်တွင် ကျွန်းတန် ၁၀၀၀၀၊ သစ်မာ ၃၀၀၀၀၀၊ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကျွန်းတန် ၈၀၀၀ ၊ သစ်မာ ၂၅၀၀၀၀ နှင့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ကျွန်းတန် ၆၀၀၀ နှင့် သစ်မာ ၂၂၀၀၀၀ ကို အချိုးကျ လျှော့ချထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ အရှိန်အဟုန်မြှင့်စွာ ဆောင်ရွက်နိုင်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ငန်းအဖွဲ့များနှင့် ခရိုင်လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ တတိယ (၁)နှစ်တာကာလအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာ ဧက ၉၀၀၀၀ ကျော်၊ အသုံးပြုအဖွဲ့ ၈၂၇ ဖွဲ့၊ အဖွဲ့ဝင် ၁၅၉၇ ဦး တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ယခုအစိုးရသစ်ကာလ ၃ နှစ်တာကာလအတွင်း အသုံးပြုသူအဖွဲ့ ၂၃၈၁ ဖွဲ့နှင့် အဖွဲ့ဝင် ၄၈၁၂၂ ဦး ပါဝင်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာ ၃၂၁၃၆၈ ဧက တည်ထောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဒေသခံပြည်သူလူထု၏ နေ့စဉ်ဘဝ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် ဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပုဂ္ဂလိက ဝါးစိုက်ခင်းတည်ထောင်မှုများကိုလည်း အခုအစိုးရကာလထဲတွင် တိုးမြှင့်ခွင့်ပြုပေးလျက်ရှိရာ ယခင်က ပုဂ္ဂလိကဝါးစိုက်ခင်းဧက ၄၀၀ ကျော်သာရှိခဲ့ပြီး လက်ရှိအချိန်တွင် ဧက ၁၈၀၀ ကျော်အထိ တည်ထောင်ခွင့်ပြုပေးထားကာ ဧက ၁၆၀၀ ကျော် တည်ထောင်စိုက်ပျိုးပြီးဖြစ်ပါကြောင်း။

စာမျက်နှာ ၁၁ သို့ »»

»»» စာမျက်နှာ ၁၀ မှ

သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး တတိယတစ်နှစ်တာကာလအတွင်း တရားမဝင်သစ်တန်ချိန် ၄၄၈၃၀ တန်၊ တရားခံ ၅၁၉၂ ဦး၊ ယာဉ်/ ယန္တရား ၃၃၇၇ စီး ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစ၍ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) ကို အောင်မြင်စွာအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ စုစုပေါင်း တရားမဝင်သစ် ၇၄၇၇ ဒသမ ၅၆၇၅ တန်၊ တရားခံ ၈၂၉ ဦး၊ ယာဉ်/ယန္တရား ၄၅၉ စီးကို ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ ထိုသို့ တိုးတက်ဖမ်းဆီး ရမိခဲ့ခြင်းသည် ဒေသခံပြည်သူလူထု၊ ဒေသဆိုင်ရာအုပ်ချုပ် ရေးအဖွဲ့များ၏ ပီပီပြင်ပြင်ပူးပေါင်းဆောင်ရွက်မှုနှင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ပေးမှုတို့အရ ဖြစ်ကြောင်းကို အသိ အမှတ်ပြုပြောကြားလိုပါကြောင်း။

### ၅၃ ရွာ လျာထားဆောင်ရွက်နိုင်ခဲ့

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် စွမ်းအားမြှင့်မီးဖိုများသုံးစွဲခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း များသုံးစွဲခြင်း၊ စိမ်းလန်းစိုပြည်ရေး သစ်ပင်များစိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း စသောအချက်များကို အခြေခံ၍ ကျေးရွာ အတွင်း ဆောင်ရွက်ခြင်း၊ နီးစပ်ရာကျေးရွာများသို့ ထပ်ဆင့်စည်းရုံးပေးခြင်းများနှင့်အတူ ဌာနနှင့်ပူးပေါင်း ဆောင်ရွက်မှုကောင်းသော ကျေးရွာများကို စံပြကျေးရွာ များထူထောင်ဆောင်ရွက်ခဲ့ရာ တတိယတစ်နှစ်တာ ကာလအတွင်း စံပြကျေးရွာပေါင်း ၅၃ ရွာ လျာထား ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာ့သစ်လုပ်ငန်းသည် သစ်ထုတ်လုပ်ငန်းများ လျှော့ချခြင်း၊ ပဲခူးရိုးမအား သစ်ထုတ်ခြင်း ၁၀ နှစ် အနား ပေးခဲ့ခြင်းတို့ကြောင့် ဌာနမှအနားပေးဆင်များ၊ ဝန်တင် ဆင်များဖြင့် ဆင်ဝန်ထမ်းများ အလုပ်အကိုင်အခွင့်အလမ်း များရရှိစေရန်၊ ဌာနဝင်ငွေတစ်ဖက်တစ်လမ်းမှ တိုးတက် ရရှိစေရန်၊ ပြည်သူများ ဆင်နှင့်ပတ်သက်၍ အသိပညာ ဗဟုသုတများရရှိစေရန်နှင့် ပြည်သူများအပန်းဖြေနိုင် မည့်နေရာများ ပေါ်ထွက်လာစေရန်အတွက် ဆင်ထိန်းသိမ်း စောင့်ရှောက်ခြင်းကိုအခြေခံသော Elephant Conservation Based Tourism (ECBT) ဆင်စခန်းများ ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ တိုးချဲ့ဖွင့်လှစ်ဆောင် ရွက်ခဲ့ရာ တတိယတစ်နှစ်တာကာလအတွင်း ခရီးသွား ဆင်စခန်းရှစ်ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် ယခုအခါ ခရီးသွားဆင်စခန်း ၂၀ ရှိပြီဖြစ်ပါကြောင်း၊ လုပ်ငန်း သဘောသဘာဝကိုက်ညီသောနေရာများတွင် ခရီးသွား ဆင်စခန်းများ ထပ်မံတိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း။

### စိစစ်ဆောင်ရွက်ပေးလျက်ရှိ

သတ္တုကဏ္ဍတွင် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ မထုတ်ပြန်မီကာလအတွင်း လုပ်ကွက်အသစ်လျှောက် ထားမှုများကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်မှစတင်၍ ယာယီဆိုင်းငံ့ထားခဲ့ပြီး နည်းဥပဒေများ ထုတ်ပြန်ပြီး နောက်ပိုင်း ၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက်မှစ၍ လုပ်ကွက် အသစ်လျှောက်ထားမှုများကို ပြန်လည်လက်ခံ၍ စိစစ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ် မေလမှ စတင်၍ သတ္တုဖြစ်ထွန်းမှုရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခွင့်ပြုမိန့်ထုတ်ပေးထားသည့် ခတ် သတ္တုလုပ်ကွက်များအား မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်း ဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ခွင့်ပြုမိန့်နှင့် စာချုပ်ပါစည်းကမ်းချက်များအတိုင်း လိုက်နာမှု ရှိ၊ မရှိ စိစစ်ရန်နှင့် သတ္တုတူးဖော်မှုလုပ်ငန်းများကြောင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ လျော့နည်းစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးအနက် ထားလုပ်ဆောင်ရန် လိုအပ်လာသည့်အတွက် ဝန်ကြီးဌာန ပူးပေါင်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ၁၂ ဖွဲ့ဖြင့် လုပ်ကွက် များအား စစ်ဆေးနိုင်ခဲ့ကာ မြန်မာ့သတ္တုတွင်းနည်းဥပဒေ (၂၀၁၈) ကို ထုတ်ပြန်ပြီးနောက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ အား သတ္တုတွင်းဦးစီးဌာနမှ ဦးဆောင်သည့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့ ကိုးဖွဲ့ဖြင့် ပြင်ဆင်ဖွဲ့စည်း၍ ၂၀၁၈ ခုနှစ် ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလမှစတင်၍ စစ်ဆေးလျက်ရှိရာ ၂၀၁၉ ခုနှစ် မတ်လအထိ လုပ်ကွက် ၃၅၄ ကွက်အား ကွင်းဆင်းစစ်ဆေးနိုင်ခဲ့ပါကြောင်း။

### EITI ဘုတ်အဖွဲ့ထံသို့ တင်ပြထား

EITI တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် မြန်မာ နိုင်ငံ၏ EITI အစီရင်ခံစာကို ဒုတိယအကြိမ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် တတိယအကြိမ် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တို့အတွက် သတ္တုကဏ္ဍ၊ ကျောက်မျက်ကဏ္ဍ တို့မှ နိုင်ငံတော်အတွက်ရရှိသည့် အခွန်ဘဏ္ဍာအချက် အလက်များအား ၂၀၁၈ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံ တကာ EITI ဘုတ်အဖွဲ့ထံသို့ တင်ပြထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတကာ EITI စံနှုန်းအရ ပြည်သူများ အချက် အလက်ရယူနိုင်သောစနစ်ကို အကောင်အထည်ဖော်ရန် နှင့် နိုင်ငံတော်အတွက် ပွင့်လင်းမြင်သာမှုကို ဖော်ဆောင် နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်ခြင်း၊ ရင်းနှီး မြှုပ်နှံမှုကို သေချာစေခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်လာနိုင်ခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုကိုတိုးတက် စေမည်ဖြစ်ခြင်း စသည်တို့ကိုရည်ရွယ်ပြီး Mineral Cadastre စနစ်ကို တည်ဆောက်နေပါကြောင်း၊ Mineral Cadastre စနစ်အောင်မြင်စေရန် ဝန်ကြီးဌာနမှ Pre Cadastre Working အား ဝန်ကြီးဌာနရှိ အရာ ထမ်း၊ အမှုထမ်း စုစုပေါင်း ၁၁ ဦးဖြင့်ဖွဲ့စည်းပြီး သတ္တုနှင့် ကျောက်မျက်တူးဖော်ရေးလိုင်စင်တို့၏ အချက်အလက် များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါ ကြောင်း။

### အသေးစိတ်စမ်းသပ်တိုင်းတာ

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုဆိုင်ရာ ဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်ခြင်းအပိုင်းတွင် ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်နှင့် ပင်လည်ဘူး မြို့နယ်များအတွင်း ဒေသန္တရဘူမိဗေဒမြေပုံရေးဆွဲခြင်း ကို ဧရိယာ ၂၇၇၉ ဒသမ ၅ စတုရန်းကီလိုမီတာကို ပြီးစီး အောင်ဆောင်ရွက်ခဲ့ပါကြောင်း၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါ၊ ထီးလင်း၊ ပေါက်နှင့် ပုလဲ၊ ကနီ၊ မင်းကင်း ဝန်းကျင်ဒေသများတွင် ကျောက်မီးသွေး တိုးချဲ့ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ(သ-၄) အဆင့်ကျောက်မီးသွေးတန်ချိန် ၁ ဒသမ ၂၈ သန်းမက် ထရစ်တန် တွက်ချက်နိုင်ခဲ့ပါကြောင်း။

ဖယ်လ်စပါလ်(ကြွေကျောက်) အနေဖြင့် မန္တလေး တိုင်းဒေသကြီး အင်တိုင်းသာ၊ သန်းတောဒေသဝန်းကျင် တွင် အသေးစိတ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး ခဲ့ပြီးဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် နမ့်ခမာ (ချောင်းသာ)ဝန်းကျင်ဒေသတွင် ကျောက်စိမ်း ထွက်ရှိကြောင်း သတင်းပေးမှုအရ ပဏာမကွင်းဆင်း လေ့လာရေးကို ဆောင်ရွက်ခဲ့ပြီး ကျောက်စိမ်းဖြစ်ထွန်း နိုင်မှုရှိသော Conglomerate bed ကို 2.5 km ခန့်ဖော်ထုတ်ခဲ့ပြီး ယခုအခါ အသေးစိတ်စမ်းသပ်တိုင်း တာရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါကြောင်း။



အမြဲတမ်းအတွင်းဝန်
ဦးခင်မောင်ရီ

ဂရက်ဖိုက် ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်း အနေဖြင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်၊ ကြက်စောင်းတောင်ဝန်းကျင်တွင် ဂရက်ဖိုက် စမ်းသပ်တိုင်းတာရေးလုပ်ငန်းများနှင့် လွန်တူးဖော်ခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး ယခုအခါ ၁၂ ကျင်း မြောက် လွန်ကျင်းကို တူးဖော်ပြီးဖြစ်ပါကြောင်း။

### ကျင်းပနိုင်ခဲ့

၂၀၁၈ ခုနှစ် ဇွန်လတွင် (၅၅)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲနှင့် နိုဝင်ဘာလတွင် ကျောက် မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာ ကျပ်ငွေဖြင့် ရောင်းချပွဲတို့ကို ကျင်းပနိုင်ခဲ့ပါကြောင်း၊ နိုင်ငံ ခြားငွေဖြင့် ရောင်းချသည့်ပြပွဲမှ ကျောက်စိမ်း၊ ကျောက်မျက် အတွဲပေါင်း ၄၃၂၉ တွဲ၊ တန်ဖိုးယူရို ၃၃၃ ဒသမ ၂၈ သန်းနှင့် မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲမှ ကျောက်စိမ်း၊ ကျောက်မျက်အတွဲပေါင်း ၁၈၂၃ တွဲ၊ တန်ဖိုး ၂၈၆၆၁ ဒသမ ၃၅ သန်း ရရှိခဲ့ပါကြောင်း၊ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအား ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်မှ ၁၉ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့ ပါကြောင်း။

မြန်မာ့ပုလဲရောင်းချပွဲအား ပြည်ပတွင်တစ်ကြိမ်၊ ပြည်တွင်းတွင်နှစ်ကြိမ် စုစုပေါင်း သုံးကြိမ်ရောင်းချခဲ့ရာ ဟောင်ကောင်နိုင်ငံတွင် ပြုလုပ်သည့် ပုလဲရောင်းချပွဲတွင် ပုလဲအတွဲပေါင်း ၂၉၈ တွဲ၊ ပုလဲလုံးရေ ၆၈၃၀၃ လုံး၊ အလေးချိန် ၄၈၅၅၇ ဒသမ ၇ မိုမီ၊ ပြည်တွင်းမြန်မာ့ပုလဲ ရောင်းချပွဲတွင် ပုလဲအတွဲပေါင်း ၄၁၀၊ ပုလဲလုံးရေ ၁၇၉၃၂၇ လုံး၊ အလေးချိန် ၁၁၈၀၄၁ ဒသမ ၃၅ မိုမီ၊ တင်ပြရောင်းချရငွေလျာထားချက် ကျပ် ၁၁၈၆၃ ဒသမ ၁၆၄ သန်းဖြစ်ပြီး အမှန်ရငွေမှာကျပ် ၁၃၇၅၇ ဒသမ ၄၄၇ သန်း ဖြစ်၍ ၁၁၅ ဒသမ ၉၇ ရာခိုင်နှုန်းရရှိခဲ့ပါကြောင်း။

ဖားကန့်ဒေသ၏ ရွှေ့ပြောင်းအလုပ်သမားများ အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းများအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၉၉/ ၂၀၁၈ ဖြင့် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့က လုပ်ငန်းအဖွဲ့ခွဲခြောက်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဖားကန့်ဒေသ ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာစီမံခန့်ခွဲ ရေး၊ တရားဥပဒေစိုးမိုးရေး၊ အသက်မွေးဝမ်းကျောင်း သင်တန်းပေးရေးနှင့် အလုပ်အကိုင်ရှာဖွေရေး၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက် လျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး၏ ညွှန်ကြားချက်အရ နိုင်ငံပိုင်ပုလဲစခန်းနှင့် ပြည်တွင်း၊ ပြည်ပပုလဲစခန်း ငါးခု သို့ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ခရီးသွားများ အား နေ့ချင်းပြန် လာရောက်လေ့လာခွင့်ပြုခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံခြားသား ၆၉ ဦး၊ မြန်မာနိုင်ငံ သား ၁၈၆ ဦး စုစုပေါင်း ၂၅၅ ဦး လာရောက်လေ့လာခဲ့ပြီး ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂၅၉ ဒသမ ၅၀ နှင့် မြန်မာကျပ်ငွေ ၃၂၂၄၆၅၆ ရရှိခဲ့ပါကြောင်း ရှင်းလင်း ပြောကြားသည်။

### မေးမြန်း

ဆက်လက်၍ တက်ရောက်လာကြသည့် သတင်းမီဒီ ယာများက ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပုဂ္ဂလိကသတင်းမီဒီယာသမားများ တရားစွဲ ဆိုခံရမှုများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောထား အမြင်နှင့် ကူညီဆောင်ရွက်ပေးခဲ့မှု၊ ယင်းကိစ္စအပေါ် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ သဘောထားမှတ်ချက်အခြေအနေ၊ လွှတ်တော်၌ ဖွဲ့စည်း ပုံအခြေခံဥပဒေပြင်ဆင်ရေး ဆွေးနွေးနေစဉ် ဖိုက်ဘာ ဆက်ကြောင်း ပြတ်တောက်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ် ဆေးအရေးယူဆောင်ရွက်ခဲ့မှုအခြေအနေ၊ အများပြည်သူ သိပိုင်ခွင့်ဥပဒေ ရေးဆွဲပြီးစီးမှုအခြေအနေ၊ နိုင်ငံပိုင် သတင်းစာများအား ထုတ်လုပ်မှုကုန်ကျစရိတ်ကာမိစေရန် စျေးနှုန်းတိုးမြှင့်သတ်မှတ်ဆောင်ရွက်ပေးသကဲ့သို့ ပုဂ္ဂလိက သတင်းမီဒီယာများနှင့် သတင်းစာများ ရေရှည်ရှင်သန် ရပ်တည်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် အစီ အစဉ် ရှိ၊ မရှိ၊ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်း စာနှစ်စောင်ကို တစ်စောင်တည်းပေါင်း၍ထုတ်ရန် အစီ အစဉ် ရှိ၊ မရှိ၊ နိုင်ငံပိုင်သတင်းစာများတွင် ပုဂ္ဂလိက ကြော်ငြာများကို ရာခိုင်နှုန်းတစ်ခုအထိ လျှော့ချသတ်မှတ် ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် ပုဂ္ဂလိကသတင်းမီဒီယာ သမားများ၊ သတင်းမီဒီယာလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးပွဲများပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ၊ သတင်းရယူ ရေးဆောင်ရွက်ရာတွင် ပုဂ္ဂလိကသတင်းမီဒီယာသမား များအား ခွဲခြားဆက်ဆံခံရမှုအပေါ် ကူညီဆောင်ရွက်ပေး သွားမည့်အခြေအနေ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများကို ပြည်သူ့ဝန်ဆောင်မှုအဖြစ် ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းများနှင့် စပ်လျဉ်း၍ မေးမြန်းကြသည်။

ထို့အတူ သတင်းမီဒီယာများက ဟိုတယ်နှင့် ခရီး သွားလာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း ၍ ပုဂံဒေသကို ယူနက်စကိုစာရင်းဝင်ရန် ဆောင်ရွက်နေမှု နှင့် ပြီးစီးမှုအခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွား လျက်ရှိသည့် တိုက်ပွဲများကြောင့် မြောက်ဦးဒေသသို့ နိုင်ငံခြားခရီးသွားဧည့်သည်များဝင်ရောက်မှု နည်းပါးလာ မှုအပေါ် ဖြေရှင်းဆောင်ရွက်သွားမည့်အခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခ များကြောင့် ခရီးသွားလုပ်ငန်းများအပေါ် ထိခိုက်မှု အခြေအနေ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတကာလေကြောင်းလိုင်းများ ထပ်မံဖွင့်လှစ် ပေးရန်အစီအစဉ် ရှိ၊ မရှိ၊ လက်ရှိတွင် ခရီးသွားလုပ်ငန်း တိုးတက်လာသော်လည်း တရုတ်နိုင်ငံသားများ ဝင်ရောက် လာမှုကြောင့် ဇီးရိုးဘတ်ဂျက်ဖြစ်ပေါ်မှု၊ အင်းလေးဒေသ တွင် ဟိုတယ်များ ဖွင့်လှစ်ဆောင်ရွက်နေမှုအပေါ် ဝန်ကြီးဌာနမှ ကန့်သတ် ထိန်းသိမ်းဆောင်ရွက်နေမှုကိစ္စ များနှင့်စပ်လျဉ်း၍ မေးမြန်းကြသည်။

အလားတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ တတိယတစ်နှစ်တာကာလ အတွင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလမ်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးနေသည့် အဖွဲ့အစည်းများအား ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ မိုးထိမိုးမိတွင် ဖြစ်ပွားခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ အစိုးရနှင့်ကုမ္ပဏီကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် အရေးယူဆောင်ရွက်မှု၊ မြေလွတ် မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ကွက်ခွင့်ပြုမိန့် ရရှိသည့် ကုမ္ပဏီများမှ သစ်ပင်များအား အပြောင်ခုတ်လဲမှုနှင့် မအောင်မြင်သည့် ပုဂ္ဂလိကပိုင် စိုက်ခင်းများနှင့်စပ်လျဉ်း၍ ကုမ္ပဏီများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြား ကြသည်။

**ကျော်မျိုးထွန်း၊ နန္ဒာဟန်**

**အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် စွမ်းအားမြှင့်မီးဖိုများ သုံးစွဲခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများသုံးစွဲခြင်း၊ စိမ်းလန်းစိုပြည်ရေး သစ်ပင်များစိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း စသောအချက်များကိုအခြေခံ၍ ကျေးရွာအတွင်းဆောင်ရွက်ခြင်း၊ နီးစပ်ရာကျေးရွာများသို့ ထပ်ဆင့် စည်းရုံးပေးခြင်းများနှင့်အတူ ဌာနနှင့်ပူးပေါင်းဆောင်ရွက်မှုကောင်းသော ကျေးရွာများကို စံပြကျေးရွာများ ထူထောင်ဆောင်ရွက်ခဲ့ရာ တတိယ တစ်နှစ်တာကာလအတွင်း စံပြကျေးရွာပေါင်း ၅၃ ရွာ လျာထား ဆောင်ရွက်နိုင်ခဲ့**

# ဆူဒန်နိုင်ငံအတွင်း အချုပ်အခြာအာဏာပိုင်အဖွဲ့အစည်းတစ်ရပ် ထွက်ပေါ်လာရေး ဆွေးနွေးညှိနှိုင်းမှုများ ရလဒ်ထွက်ပေါ်မှုမရှိသေး



**ခါတွမ် မေ ၂၁**

ဆူဒန်ကာကွယ်ရေးတပ်ဖွဲ့နှင့် ဒီမိုကရေစီလိုလားသော ဆန္ဒထုတ်ဖော်ခေါင်းဆောင်များအကြား နိုင်ငံတော်၏ အခွင့်အာဏာကို ကာကွယ်စောင့်ရှောက်မည့် အုပ်ချုပ်ရေးအဖွဲ့တစ်ရပ် ပေါ်ပေါက်လာစေရန် ဆွေးနွေးညှိနှိုင်းမှုသည် သဘောတူညီမှုမရရှိဘဲ အဆုံးသတ်သွားခဲ့ရကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အာဏာရှင်စနစ်ကျင့်သုံးသည့် အိုမာအယ်ဘာရှားအား ရာထူးမှ ဖြုတ်ချခဲ့ပြီးနောက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲမကျင်းပမီ သုံးနှစ်တာကာလအတွင်း အချုပ်အခြာအာဏာပိုင် ကောင်စီတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် မေ ၁၉ ရက်တွင် ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆန္ဒထုတ်ဖော်ခေါင်းဆောင်များအကြား အဆိုပါဆွေးနွေးညှိနှိုင်းမှုကို ပြန်လည်စတင်ခဲ့သည်။

ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် အရပ်သားအစိုးရအား အုပ်ချုပ်ခွင့်အာဏာ လွှဲပြောင်းပေးရန် နိုင်ငံတကာဖိအားများနှင့်ရင်ဆိုင်နေရသည်။ နိုင်ငံအတွင်း အရပ်သားအုပ်ချုပ်မှုအသွင်သစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ထောင်ပေါင်းများစွာသော ပြည်သူများက ခါတွမ်မြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန ရုံးချုပ်ရှေ့တွင် ဆန္ဒထုတ်ဖော်လျက်ရှိကြသည်။

ကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင်များနှင့် ဆန္ဒထုတ်ဖော်ခေါင်းဆောင်များ (လွတ်လပ်ပြီးပြောင်းလဲမှုကိုလိုလားသောအဖွဲ့)သည် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရန် ဆွေးနွေးမှုများကို ယနေ့ အဆုံးသတ်ဆွေးနွေးခဲ့ကြသော်လည်း သဘောတူညီမှုမရရှိဘဲ ဆွေးနွေးမှုများ ပြီးဆုံးသွားခဲ့ရ ကြောင်း သိရသည်။

ဆွေးနွေးညှိနှိုင်းမှုများကို မည်သည့်အချိန်တွင် ပြန်လည်စတင်မလဲဆိုသည်ကို နှစ်ဖက်စလုံးက ပြောကြားခဲ့ခြင်းမရှိသော်လည်း ရလဒ်ထွက်ပေါ်သည့်တိုင်အောင် ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ဆန္ဒထုတ်ဖော်သူ ခေါင်းဆောင်များအနက် တစ်ဦးဖြစ်သူ ဆစ်ဒစ်ယူဆက်ဖ်က ပြောကြားခဲ့သည်။

ပေါ်ပေါက်လာမည့် အချုပ်အခြာအာဏာပိုင် အဖွဲ့အစည်းကို ကာကွယ်ရေးတပ်ဖွဲ့နှင့် အရပ်သားအဖွဲ့အစည်းများအကြား မည်သူ့အား အဖွဲ့အစည်းအကြီးအကဲအဖြစ် ခန့်အပ်တာဝန်ပေးမလဲဆိုသည့် အချက်နှင့်ပတ်သက်ပြီး နှစ်ဦးနှစ်ဖက်အကြား သဘောတူညီမှု မရရှိသေးကြောင်း ပူးတွဲကြေညာချက်အရ သိရသည်။ **အေအက်ဖ်ပီ**



# ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဆိုသည့် ကျွန်းများပေါ်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ရုရှားစိတ်ဝင်စား

**မော်စကို မေ ၂၁**

ရုရှားနိုင်ငံဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်က ကူရိုင်းကျွန်းများဟုခေါ်တွင်သည့် ကျွန်းလေးကျွန်းပါဝင်သည့် ကျွန်းစုဒေသတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ရန် အမိန့်ပေးခဲ့ကြောင်း၊ ယင်းကျွန်းလေးကျွန်းမှာ ဂျပန်နိုင်ငံက ပိုင်ဆိုင်ကြောင်း ပြောကြားထားသည့် ကျွန်းများဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံက ၎င်းကျွန်းစုတွင် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန် ရုရှားဝန်ကြီးချုပ်က ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ရုရှားအရှေ့ဖျားဒေသကိုကြီးကြပ်ရသည့် ဒုတိယဝန်ကြီးချုပ် ယူရီတရာနက်သည် မော်စကိုမြို့တွင် မေ ၂၀ ရက်က ကျင်းပသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်စဉ် ရုရှားဝန်ကြီးချုပ်က ယင်းသို့ ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ကူရိုင်းကျွန်းစုတွင် လတ်တလောကာလအထိ တိုင်အောင် ဟိုတယ်များမရှိသေးကြောင်း၊ သို့သော် ယင်းအခြေအနေကို ပြောင်းလဲပစ်ရမည်ဖြစ်ကြောင်း၊ ရုရှားနှင့် နိုင်ငံတကာမှ ခရီးသွားများအား ဆွဲဆောင်နိုင်ရန် လိုအပ်သော အခြေခံအဆောက်အအုံများ အလျင်အမြန်တည်ဆောက်သွားရန် ၎င်းအနေဖြင့် ဆန္ဒရှိကြောင်း ရုရှားဝန်ကြီးချုပ်က ပြောကြားသည်။

ယင်းကျွန်းလေးကျွန်းပေါ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနှင့် ပူးတွဲလုပ်ဆောင်ရန် ဂျပန်နိုင်ငံက လိုလားသော်လည်း ရုရှားနိုင်ငံကမူ အဆိုပါလုပ်ငန်းများကို တစ်ဦးတည်း အရှိန်မြှင့်လုပ်ဆောင်နေသည်။

ရုရှားနိုင်ငံက ကူရိုင်းကျွန်းစုများဟု ခေါ်တွင်သည့် ကျွန်းလေးကျွန်းကို ထိန်းချုပ်ထားသော်လည်း ယင်းကျွန်းများသည် အစဉ်အလာအရ ဂျပန်နိုင်ငံကပိုင်ဆိုင်ခဲ့သည့် နိုင်ငံအစိတ်အပိုင်းနယ်မြေများဖြစ်ပြီး ဒုတိယကမ္ဘာစစ်အပြီးတွင် ရုရှားနိုင်ငံက တရားမဝင်သိမ်းယူထားခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# နိုင်ငံတော်လျှို့ဝှက်သတင်းများ ခိုးယူသည်ဟု စွပ်စွဲချက်ဖြင့် ဂျပန်အမျိုးသားတစ်ဦးအား တရုတ်တရားရုံးက ထောင်ဒဏ် ၁၅ နှစ် ချမှတ်

**ပေကျင်း မေ ၂၁**

တရုတ်နိုင်ငံတရားရုံးတစ်ရုံးက ဂျပန်နိုင်ငံသားတစ်ဦးအား နိုင်ငံတော်လျှို့ဝှက်သတင်းများ ခိုးယူသည့်စွဲချက်ဖြင့် မေ ၂၀ ရက်တွင် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

အသက် ၅၀ အရွယ် ဂျပန်အမျိုးသားတစ်ဦးသည် ၂၀၁၇ ခုနှစ် မတ်လအတွင်းက တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းသို့ အလည်အပတ်လာရောက်ခဲ့ပြီး ရေပူစမ်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် သုတေသနပြုမှုများ လုပ်ဆောင်လျက်ရှိခဲ့ကြောင်း သိရသည်။

သို့သော် အဆိုပါဂျပန်အမျိုးသားသည် နိုင်ငံတော်၏ လျှို့ဝှက်သတင်းများအား တရားမဝင်ရယူကာ နိုင်ငံရပ်ခြားရှိ မိတ်ဆွေတစ်ဦးထံ ပို့ဆောင်ခဲ့သည်ဟု တရားရုံးကဆိုသည်။ ထို့ကြောင့် အမေရိကန်ဒေါ်လာ ၁၄၅၀၀ ခန့် ဒဏ်ကြေးငွေပေးဆောင်ရန်နှင့် ထောင်ဒဏ် ၁၅ နှစ်ကျခံရန် တရားရုံးက အမိန့်ချမှတ်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် တရုတ်အာဏာပိုင်များက ရေပူစမ်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနပြုသူ ဂျပန်လူမျိုး ငါးဦးအား ဖမ်းဆီးခဲ့သည်။ ယင်းတို့အနက် လေးဦးအား ပြန်လွှတ်ပေးခဲ့ပြီး အသက် ၇၀ အရွယ် အမျိုးသားတစ်ဦးအား ထောင်ဒဏ်ငါးနှစ်ခွဲချမှတ်ကာ ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

တရုတ်နိုင်ငံအတွင်း နိုင်ငံတော်၏လျှို့ဝှက်သတင်းများ သူလျှိုလုပ်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့သည့် ၂၀၁၅ ခုနှစ်ကစပြီး တရုတ်အာဏာပိုင်များက ဂျပန်နိုင်ငံသား ကိုးဦးအား သူလျှိုလုပ်မှုဖြင့် စွပ်စွဲကာ ဖမ်းဆီးခဲ့သည်။ ၎င်းတို့အနက် ခုနစ်ဦးအား ထောင်ဒဏ်များ အသီးသီး ချမှတ်ခဲ့ပြီးဖြစ်သည်။

ယခုအကြိမ် ချမှတ်လိုက်သည့် ထောင်ဒဏ် ၁၅ နှစ်သည် အဆိုပါစွပ်စွဲချက်ဖြင့် ထောင်ဒဏ်ချမှတ်ခြင်းခံရသူများအနက် အပြင်းထန်ဆုံးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**




# မက္ကာမြို့ကို ဒုံးကျည်များဖြင့် ပစ်ခတ်သည်ဆိုမှုအား ဟူသီသူပုန်အဖွဲ့ ငြင်းဆို

**ဆာနား မေ ၂၁**

ယီမင်နိုင်ငံအတွင်းရှိ ဟူသီသူပုန်အဖွဲ့က အစ္စလာမ်ဘာသာဝင်များ အထွတ်အမြတ်ထားရာ မက္ကာမြို့အား ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်ဆိုသည့် ဆော်ဒီအာရေဗျနိုင်ငံ၏ သတင်းထုတ်ပြန်ချက်မှာ မဟုတ်မှန်ကြောင်း ဟူသီသူပုန်အဖွဲ့က ငြင်းဆိုခဲ့သည်ဟု ၎င်းသူပုန်များ ထိန်းချုပ်ထားသည့် ဆာဘားသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ဆော်ဒီအာရေဗျနိုင်ငံက ဟူသီသူပုန်များက မက္ကာမြို့အား ပစ်မှတ်ထားတိုက်ခိုက်မည်ဟု စွပ်စွဲမှုများပြုလုပ်သည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် မဟုတ်ကြောင်း၊ ဆော်ဒီအာရေဗျအား အုပ်စိုးသူများသည် မိမိတို့ ယီမင်ပြည်သူများအပေါ် စစ်ရေးအရ ကျူးကျော်မှုများပြုလုပ်ရာတွင် ထောက်ခံမှုများရရှိရန် ကြိုးပမ်းခြင်းသာဖြစ်ကြောင်း ဟူသီသူပုန်အဖွဲ့ စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ဆာဘားသတင်းဌာနက ကောက်နုတ်ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံ အနောက်ဘက်ပိုင်းရှိ ဂျက်ဒါနှင့် တစ်ဖ်မြို့များ၏ ကောင်းကင်ယံတွင် ပဲ့ထိန်းဒုံးကျည်များကို ဆော်ဒီအာရေဗျ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့က မေ ၂၀ ရက် အစောပိုင်းတွင် ကြားဖြတ်ဟန့်တားခဲ့ရကြောင်း ဆော်ဒီအာရေဗျအစိုးရပိုင် အာရေဗီးယား ရုပ်မြင်သံကြားသတင်းဌာနက သတင်းဖော်ပြခဲ့သည်။

ယီမင်နိုင်ငံတွင် ပြည်တွင်းစစ်စတင်ဖြစ်ပွားစဉ်ကတည်းကပင် ဟူသီသူပုန်များက ဆော်ဒီအာရေဗျနိုင်ငံမှ နယ်ခြားမြို့များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံများအတွင်းရှိ အဓိကကျသော စစ်ရေးပစ်မှတ် ၃၀၀ တို့ကို တိုက်ခိုက်မည်ဟု ဟူသီသူပုန်များက မေ ၁၉ ရက်တွင် ကြေညာခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံလုပ်ငန်းအဆောက်အအုံများကို ဟူသီသူပုန်များက လက်နက်များ တပ်ဆင်ထားသည့် မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ရာ မီးလောင်ပျက်စီးမှုအချို့ရှိခဲ့ကြောင်း အာရေဗီးယား ရုပ်မြင်သံကြားသတင်းဌာနက ထုတ်လွှင့်ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့ မောင်တော၊ ဘူးသီးတောင်ဒေသမှ ကျေးရွာများသို့ မြေပြင်ကွင်းဆင်းလေ့လာ



**မောင်တော မေ ၂၁**

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ် ရွာမကျေးရွာ၊ ရွာမဂုံးနားကျေးရွာသို့ သွားရောက်ကာ ကျေးရွာအတွင်း လှည့်လည် ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဒေသခံပြည်သူများအား တွေ့ဆုံပြီး လိုအပ်ချက်များ မေးမြန်း၍ ရွာမဂုံးနားကျေးရွာရှိ သောက်သုံးရေကန် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေအား ကြည့်ရှုသည်။ ဆက်လက်၍ မဟာမင်းကြီးနှင့်အဖွဲ့သည် ဘူးသီးတောင် မြို့ အမှတ်( ၅ ) ရပ်ကွက် ရန်အောင်မြင် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး တိုက်ပွဲရှောင်ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မဟာမင်းကြီးက မိမိသည်လူသားချင်းစာနာမှုကိစ္စများကို ကိုယ်စားပြုဆောင်ရွက်နေသူဖြစ်ကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် အစိုးရနှင့်ပူးပေါင်းပြီး လိုအပ်သည့်ဒေသများတွင် ကူညီထောက်ပံ့ပေးရန် အသင့်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မဟာမင်းကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ဖားဝပ်ချောင်းကျေးရွာသို့ ရောက်ရှိကာ အမက (မူလွန်)ကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် သိရှိလိုသည်များ မေးမြန်းပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ မဟာမင်းကြီးနှင့်အဖွဲ့သည် ပန်းတောပြင်(အလယ်)ရွာမှ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များအား မေးမြန်းကာ မဟာမင်းကြီးနှင့်အဖွဲ့သည် ကျေးရွာစာသင်ကျောင်း ပြုပြင်ရေးနှင့် ရေငန်တားတာ တည်ဆောက်လိုသည့် မြေနေရာများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပန်းတောပြင်ရွာသစ်သို့ သွားရောက်ကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းဆောက်လုပ်ပေးသည့် နေအိမ်သစ်များအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက် )**

# မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဆွေးနွေး

**စစ်တွေ မေ ၂၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင် ဦးဆောင်သည့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ရေရှည်စီမံခန့်ခွဲရေးအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# မိတ္ထီလာတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

**မိတ္ထီလာ မေ ၂၁**

မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာအနီးရှိ ထီလာဦး မျက်စိအထူးကုဆေးရုံတွင် မျက်စိဝေဒနာရှင်များအား မေ ၂၀ မှ ၂၁ ရက်အထိ မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်းဥက္ကဋ္ဌနှင့် မျက်စိအထူးကုဆရာဝန်များက အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

"အခမဲ့ကုသဆောင်ရွက်မှုပေးတဲ့ လူနာအရေအတွက် ၃၈ ဦးဖြစ်ပြီး မိတ္ထီလာ၊ မလှိုင် ၊ ဝမ်းတွင်း၊ သာစည် အပါအဝင် ရမည်းသင်း၊ ပျော်ဘွယ်၊ မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ နတ်မောက် စတဲ့ ဒေသစုံက လူနာတွေ လာရောက်ကုသမှုခံယူပါတယ်။ အခုလိုမျက်စိဝေဒနာရှင်လူနာတွေ တစုတစည်းတည်း အခမဲ့ခွဲစိတ်ကုသမှုခံယူနိုင်ဖို့ အချိန်နှစ်လခန့် ကြိုတင်စုစည်းပြင်ဆင်ဆောင်ရွက်ပေးခဲ့တာပါ"ဟု ထီလာဦး မျက်စိအထူးကုဆေးရုံမှ ဒေါက်တာခင်ဇော်ထွန်းက ပြောသည်။

အလားတူ မြန်မာနိုင်ငံမျက်စိဆရာဝန်အသင်းဥက္ကဋ္ဌနှင့် မျက်စိအထူးကုဆရာဝန်များအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုလမ်းညွှန်မှု၊ မြန်မာနိုင်ငံဆရာဝန်အသင်း၏ ပံ့ပိုးကူညီမှုဖြင့် ရခိုင်ပြည်နယ် သံတွဲမြို့မှ မျက်စိဝေဒနာရှင်များအား ဇန်နဝါရီလအတွင်းက အခမဲ့ခွဲစိတ်ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ ( မိတ္ထီလာ )**

# စစ်သွေးကြွတို့၏ ပစ်ခတ်မှုကြောင့် အိန္ဒိယပြည်နယ် ဥပဒေပြုအမတ်နှင့် လူခြောက်ဦးထက်မနည်း သေဆုံး

**ဂွါဟတီး(အိန္ဒိယ) မေ ၂၁**

အိန္ဒိယနိုင်ငံ၏ ခွဲထွက်ရေးစစ်သွေးကြွများက အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက် အာရူနာချာလ်ပရာဒေ့ရှ် ပြည်နယ်တွင် မေ ၂၁ ရက်က ပစ်ခတ်တိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ရာ ပြည်နယ်ဥပဒေပြုလွှတ်တော်အမတ်တစ်ဦးနှင့် အခြားလူခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်သမားများက ပြည်နယ်ဥပဒေပြုလွှတ်တော်အမတ် တီရောင်အာဘုတ်တို့စီးနင်းလာသော မော်တော်ယာဉ်တစ်စီးကို အာရူနာချာလ်ပရာဒေ့ရှ်ပြည်နယ် တီရာပ်ခရိုင်တွင် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် ပြည်နယ်ဥပဒေပြုလွှတ်တော်အမတ်နှင့် လူခြောက်ဦးတို့သည် အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်၍ သေဆုံးသူဦးရေလည်း တိုးလာနိုင်ဖွယ်ရှိကြောင်း၊ ပြည်နယ်ဥပဒေပြုလွှတ်တော်အမတ်အပါအဝင် လူ ၁၁ ဦးခန့် သေဆုံးမည်ဟု ယုံကြည်ရကြောင်း အမည်မဖော်လိုသူရဲတပ်ဖွဲ့ဝင်တစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုမှာ မေ ၁၉ ရက်က ပြီးဆုံးသွားသည့် အိန္ဒိယနိုင်ငံ၏အထွေထွေ ရွေးကောက်ပွဲအပြီး ဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ယခင်နှစ်များအတိုင်း ရွေးကောက်ပွဲကာလများတွင် တိုက်ခိုက်မှုများဖြင့် ခြိမ်းခြောက်လျက်ရှိသည်။ ပြီးခဲ့သည့် မေ ၁ ရက်တွင်လည်း မဟာရာ့စ်ထရာပြည်နယ်၌ အလားတူ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင် ၁၅ ဦး အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်နာရိန္ဒြာရာမိုဒီပါတီ၏ မဟာမိတ်ဖြစ်သည့် အမျိုးသားပြည်သူ့ပါတီဝင်တစ်ဦးဖြစ်သူ အာဘုတ်သည် အာဆမ်းပြည်နယ် ဒီဘရူဂါ့မြို့မှ အရူနာချာလ်ပရာဒေ့ရှ်ပြည်နယ် ခေါန်ဆာမြို့သို့ ခရီးသွားနေစဉ် ယခုကဲ့သို့ လမ်းခရီး၌ သေနတ်သမားများ၏ တိုက်ခိုက်မှုကို ခံခဲ့ရခြင်းဖြစ်သည်။

သို့သော် ယင်းတိုက်ခိုက်မှု၌ အခြားသေဆုံးသူများ၏ အချက်အလက်ကို ရဲတပ်ဖွဲ့မှ ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှုသည် နာဂါးလန်းအမျိုးသားဆိုရှယ်လစ်ကောင်စီ စစ်သွေးကြွ၏လက်ချက်ဖြစ်ဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က သံသယရှိကြောင်း သိရသည်။ အကြောင်းမှာ အဆိုပါစစ်သွေးကြွက ပြည်နယ်ဥပဒေပြုလွှတ်တော်အမတ် အာဘုတ်ကို သတိပေးခဲ့ဖူးခြင်းကြောင့်ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-ဂျေတီဘွေကီး**



# အင်ဒိုနီးရှားရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒို အနိုင်ရ

**ဂျကာတာ မေ ၂၁**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် သမ္မတရွေးကောက်ပွဲတွင် မဲရလဒ် ၄၄ ဒသမ ၅ ရာခိုင်နှုန်းရရှိခဲ့သည့် အဓိကပြိုင်ဘက် ကြည်းတပ်ဗိုလ်ချုပ်ကြီးဟောင်း ပရာဗိုဝိုဆူဘီယန်တိုအား မဲရလဒ် ၅၅ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိကာ သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံခဲ့ရကြောင်း အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင် (KPU) က ယနေ့ ကြေညာသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၃၄ ခုနှင့် ပြည်ပနိုင်ငံများရှိ မြို့တော် ၁၃၀ မှ မဲရုံများအားလုံးရှိ ဆန္ဒမဲများကို အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင် (KPU) က ရေတွက်မှုများ ပြုလုပ်ပြီးနောက် ဂျိုကိုဝီဒိုဒို၏ အောင်ပွဲကို ယနေ့ နံနက် ၁ နာရီ ၄၆ မိနစ်တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲတွင် သမ္မတ၊ ဒုတိယသမ္မတ၊ ဗဟို လွှတ်တော်အဖွဲ့ဝင်များ၊ ဒေသဆိုင်ရာကိုယ်စားလှယ်များ၊ ပြည်နယ် လွှတ်တော်အဖွဲ့ဝင်များ၊ မြူနီစီပယ်လွှတ်တော်အဖွဲ့ဝင်များ၏ ရွေးကောက်ပွဲရလဒ်များအပေါ် အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင် (KPU) ၏ အပြီးသတ် ဆုံးဖြတ်ချက်ကို မိမိကြေညာကြောင်း အင်ဒိုနီးရှား ရွေးကောက်ပွဲကော်မရှင် (KPU) ဥက္ကဋ္ဌ အရစ်ဖ်ဘူဒီမန်းက ပြောကြားသည်။

ဂျိုကိုဝီဒိုဒိုသည် မဲဆန္ဒရှင် ၈၅ ဒသမ ၆ သန်း၏ ဆန္ဒမဲများကို ရရှိခဲ့ပြီး ၎င်းနှင့်တွဲဖက်၍ ဒုတိယသမ္မတနေရာအတွက် အရွေးခံသူ Ma'ruf Amin နှင့်အတူ ၂၀၂၄ ခုနှစ်အထိ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် ဒုတိယသမ္မတလောင်းအဖြစ် အရွေးခံသူ ငယ်ရွယ်သော စီးပွားရေးလုပ်ငန်းရှင် ဆန်ဒီယာဂါအူနိုနှင့်အတူ ယှဉ်ပြိုင်ခဲ့သည့် ပရာဗိုဝိုဆူဘီယန်တိုက မဲဆန္ဒရှင် ၆၈ ဒသမ ၆ သန်း၏ ဆန္ဒမဲများကို ရရှိခဲ့ကြောင်း အင်ဒိုနီးရှား ရွေးကောက်ပွဲကော်မရှင် (KPU) က ဆိုသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ကျော်ထိုက်စိုး**

# ဘူးသီးတောင်မြို့နယ်၌ AA အဖွဲ့ဝင် လေးဦးက သေနတ်ဖြင့်ပစ်၊ ဓားဖြင့်ထိုးသောကြောင့် ရခိုင်အမျိုးသား တစ်ဦး သေဆုံး

**နေပြည်တော် မေ ၂၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကြာညိုပြင်ကျေးရွာ၌ AA အဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်၊ ဓားဖြင့်ထိုးသောကြောင့် ရခိုင်အမျိုးသားတစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် ကြာညိုပြင်ကျေးရွာနေ စိုးဝင်းနိုင် (၃၈)နှစ် သည် မေလ ၂၀ ရက် ည ၇ နာရီခန့်တွင် နေအိမ်၌ရှိနေစဉ် AA အဖွဲ့ဝင်လေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာကာ ၎င်းတို့အား စက်လှေဖြင့် ဘူးသီးတောင်မြို့သို့ ပို့ဆောင်ပေးရန် ပြောကြားကြောင်း၊ စိုးဝင်းနိုင်က မိုးချုပ်နေသောကြောင့် ပို့ဆောင်မပေးနိုင်ကြောင်း ပြန်လည်ပြောဆိုခဲ့ရာမှ စကားများပြီး AA အဖွဲ့ဝင်များက သေနတ်ဖြင့် တစ်ချက်ပစ်ခတ်၍ ဓားဖြင့် ဝိုင်းဝန်းထိုးသောကြောင့် စိုးဝင်းနိုင်တွင် ဝဲ/ယာ ရင်ဘတ်ထိုးသွင်း ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း၊ AA အဖွဲ့ဝင်များက ဆိုင်ကယ်များဖြင့် ဘူးသီးတောင်-ရသေ့တောင် ကားလမ်းအတိုင်း ဖုံညိုလိပ်ကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကြာညိုပြင်ကျေးရွာအား ရှင်းလင်းနယ်မြေစိုးမိုးခဲ့ပြီး ဝန်းကျင်နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် စိုးဝင်းနိုင် သေဆုံးမှုအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်တွင် ယာဉ်ကျော်တက်စဉ် နောက်တံခါးပြုတ်ထွက်ကာ တစ်ဦးသေဆုံး

**ဥတ္တရသီရိ မေ ၂၁**

နေပြည်တော် ဥတ္တရသီရိမြို့နယ် လဲဝန်းကျေးရွာ နေပြည်တော်-တောင်တွင်းကြီးလမ်း မိုင်တိုင် ၁၀/၆ နှင့် ၁၀/၇ ကြားတွင် ယနေ့နံနက် ၈ နာရီ ၅၀ မိနစ်က FAW ယာဉ်က ထွန်စက်အား ကျော်တက်ရာ နောက်တံခါးဂျက်ပြုတ်၍ ထွန်စက်မောင်းနှင်လာသူအား ထိမိကာသေဆုံးခဲ့ကြောင်း သိရသည်။

နေပြည်တော်မှ တောင်တွင်းကြီးသို့ မောင်ကိုကိုဦး ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာနေသူ မောင်းနှင်လာသော 5H/--- ယာဉ်သည် လားရာတူမှ ဦးဝင်းသိန်း ဥတ္တရသီရိမြို့နယ် လဲဝန်းကျေးရွာနေသူ မောင်းနှင်လာသည့် လယ်ယာသုံးထွန်စက်အား ကျော်တက်စဉ် FAW ယာဉ်၏ နောက်ပိတ်သဖြင့် ပြုတ်ထွက်ကာ ထွန်စက်မောင်းနှင်သူ ဦးဝင်းသိန်းအား ထိခိုက်မိသဖြင့် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# ပေါင်မြို့နယ်တွင် ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး ရေနစ်သေဆုံး

**ပေါင် မေ ၂၁**

သထုံခရိုင် ပေါင်မြို့နယ် အဟောက်ကျေးရွာ အုပ်စုတွင် မေ ၂၀ ရက် ညနေပိုင်းက ဦးလေးဖြစ်သူ အလုပ်လုပ်ကိုင်နေသည့် လယ်တဲသို့ အသက်ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးက ထမင်းပို့ပြီး ကန်စောင်းအနီး ဆော့ကစားနေစဉ် ရေကန်ထဲလိမ့်ကျသွားခဲ့ရာမှ ရေနစ်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုဖိုးမဲ၏လယ်တဲအနီး အလျားပေ ၅၀၊ အနံပေ ၄၀၊ အနက် ခုနစ်တောင်ခန့်ရှိ ရေကန်ထဲသို့ မောင်ကောင်းခန့်အာကာသက်ဦး (ရှစ်နှစ်) ကျားဘိုကျေးရွာနေသူမှာ ကိုဖိုးမဲထံ ထမင်းလာပို့ပြီး ကန်စောင်းတွင် ဆော့ကစားနေရာမှ လိမ့်ကျခဲ့သဖြင့် ကိုဖိုးမဲနှင့်အတူ လယ်ထွန်စက် မောင်းနှင်နေသူ ကိုဇော်ရဲအောင်တို့က ရေကန်ထဲ ဆင်းဆယ်ယူခဲ့ကာ ပေါင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# အောင်မြေသာစံမြို့နယ်တွင် ခြင်ဆေးခွေထွန်းရာမှ မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၂၁။** ။အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် ဦးဝင်းထွဋ်ကျော်၏ နေအိမ်၌ ယနေ့နံနက် ၁၁ နာရီ ၃၃ မိနစ်က ခြင်ဆေးခွေထွန်းထားရာမှ အနီးရှိ အဝတ်အားမီးကူးစက်လောင်ကျွမ်းခဲ့ရာ သွပ်မိုး၊ နံကပ်ပျဉ်ထောင်နှစ်ထပ်နေအိမ်တစ်လုံး၊ သွပ်မိုး၊ ထရံကာနှစ်ထပ်နေအိမ်တစ်လုံး၊ သွပ်မိုး၊ ထရံကာ တစ်ထပ်နေအိမ်တစ်လုံး၊ သွပ်မိုး၊ ထရံကာ နှစ်ထပ်နေအိမ်တစ်ခြမ်း၊ နံကပ်နှစ်ထပ် အပေါ်ထပ်တစ်ခြမ်း စုစုပေါင်းနေအိမ်သုံးလုံးနှင့်နှစ်ခြမ်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြောင်းမြမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မာလာတင် (ယခု ကျောင်းကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်း တောင်သူလယ်သမားများ၏ စပါးရာသီအလိုက် စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရာတွင် မြောင်းမြမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မာလာတင်သည် တောင်သူလယ်သမားများ၏ အခက်အခဲများအပေါ် အခွင့်ကောင်းယူကာ လာဘ်ငွေရယူ အဂတိလိုက်စားပြီး ဥပဒေစည်းမျဉ်းစည်းကမ်း ပြင်ပဆောင်ရွက်နေခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေး အဖွဲ့ဖွဲ့စည်းစစ်ဆေးခဲ့ရာ မြောင်းမြမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မာလာတင်သည် လေးအိမ်တန်းကျေးရွာအုပ်စုမှ တောင်သူ ၁၄ ဦး၏ ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေကျပ် ၁၈၉၇၀၅၆၀ ကို ၂၀၁၇ ခုနှစ် ဇူလိုင် ၂၀ရက်တွင် မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းခဲ့ကြောင်း၊ ဇူလိုင် ၂၁ ရက်တွင် ယင်း တောင်သူ ၁၄ ဦးအား ၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေသစ်ထုတ်ချေးပေးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်မှ ချေးငွေပေးဆပ်ရန်ကျန် တောင်သူ ၁၁ ဦး၏ တစ်ဦးချင်း ပြန်လည်ပေးဆပ်သည့် ချေးငွေကျပ် ၁၅၄၁၁၀၀၀ နှင့် ငါးရာခိုင်နှုန်းအတိုးဖြင့် အပိုဆောင်းပေးရငွေကျပ် ၇၇၀၅၅၀ အား ဒေါ်မာလာတင်က ကိုယ်တိုင်လက်ခံရယူခဲ့ကြောင်း၊ မြောင်းမြမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်မာလာတင်သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အတိုးငါးရာခိုင်နှုန်း ငွေကျပ် ၇၇၀၅၅၀ ကို မိမိကိုယ်ကျိုးအတွက် ရယူခြင်းဖြင့် အဂတိလိုက်စားမှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မြောင်းမြမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မာလာတင် (ယခု ကျောင်းကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# တနသ်ာရီ၊ ပုလော၊ တန့်ယန်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၁**

တနင်္သာရီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် ညနေပိုင်းက တနင်္သာရီမြို့နယ် အရှေ့မော်တုန်းကျေးရွာအုပ်စု ဇလုံကျေးရွာ၊ မြိတ်-တနင်္သာရီကားလမ်းမပေါ်၌ ရပ်တန့်ထားသည့် Vigo အမျိုးအစားမော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် အေးမိုးကြွယ်၊ ကောင်းထက်ပိုင်(ခ)ပိုင်ပိုင်နှင့် ဖြူတုန်း(ခ)သန်းမင်းစိုးတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၁၂ ပြား၊ ငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



အေးမိုးကြွယ်၊ ကောင်းထက်ပိုင်(ခ)ပိုင်ပိုင်၊ ဖြူတုန်း(ခ)သန်းမင်းစိုးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီက ပုလောမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုလောမြို့နယ် လက္ကူးကျေးရွာအုပ်စု ပဲ့ထောက်ကျေးရွာနေ စောဗန္ဓုလ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဇနီးဖြစ်သူ နော်မမဲ(ခ)မြစိန်(ခ)နော်သူးကို တွေ့ရှိရပြီး ဘိန်းစာမှုန့် ၂၄၄ ဒသမ ၉၅ ဂရမ်နှင့် တူမီးသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မေ ၂၀ ရက် ညနေပိုင်းတွင် တန့်ယန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၇)ရပ်ကွက်နေ နိုင်းပလိတ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၆၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ကျိုက်ထီးရိုး တောင်တက်ကားလမ်း၌ သစ်ပင်ပြိုလဲမှုကြောင့် ယာဉ်များ ခေတ္တရပ်နား

**ကျိုက်ထို မေ ၂၁**

ကျိုက်ထိုမြို့နယ်အတွင်း မေ ၂၀ ရက် ည ၉နာရီခန့်တွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကျိုက်ထီးရိုးတောင်တက် ကားလမ်းမိုင်တိုင်အမှတ် ၅/၆ နှင့် ၇ အကြားရှိ ဓာတ်ကြိုးပေါ်သို့ လုံးပတ်ခြောက်ပေ၊ အမြင့်ပေ ၄၀ ရှိ သစ်ပင်ခြောက်လဲကျရာ ကျိုက်ထီးရိုးတောင်ပေါ် သို့ သွယ်တန်းထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းပေါ်သို့ ကျရောက်ခဲ့သည်။

အဆိုပါသစ်ပင်ပြိုလဲကျမှုကြောင့် ပုံမှန်ပြေးဆွဲလျက်ရှိသည့် တောင်တက်ယာဉ်များ ခေတ္တရပ်နားခဲ့ရပြီး လူနှင့်တိရစ္ဆာန်၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိသော်လည်း စိုက်ထူထားသော ၁၁ ကေဗွီ ဓာတ်တိုင်လေးတိုင်တွင် တပ်ဆင်ထားသည့် ဓာတ်ကြိုးထိန်းများ ပြုတ်ထွက်လျော့ကျခဲ့၍ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပြန်လည်ပြုပြင်ခဲ့ရာ ယနေ့နံနက် ၇ နာရီခွဲက ပြီးစီးခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

# တီးတိန်မြို့နယ်တွင် ယာဉ်တစ်စီးချောက်အတွင်းသို့ ထိုးကျ ယာဉ်ပေါ်လိုက်ပါသူအားလုံး သေဆုံး

**တီးတိန် မေ ၂၁**

ချင်းပြည်နယ် တီးတိန်မြို့နယ် လမ်ဇန်ကျေးရွာအနီး တီးတိန် - ရိဒ်သွားကားလမ်း မိုင်တိုင် (၇/၁)နှင့် (၇/၂)အကြားတွင် မေ ၂၀ ရက် နံနက် ၅ နာရီခန့်က မော်တော်ယာဉ်တစ်စီး ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးမြို့မှ ရိဒ်မြို့သို့ ယာဉ်မောင်း ခင်မောင်မြင့် ရန်ကုန်မြို့ သမိုင်း (၂) လမ်း (၁) ရပ်ကွက်နေသူ မောင်းနှင်ပြီး အရှင်ဇေယနန္ဒ ပဲခူးတိုင်းဒေသကြီး ဝေါမြို့ ရတနာမဥ္ဇူကျောင်း၊ ဦးစံလှ၊ ဒေါ်ခင်စန်းငွေတို့ လိုက်ပါလာသော 6G/---ယာဉ်သည် အခင်းဖြစ်သည့် နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက် ချောက်အတွင်းသို့ ပေ ၃၀၀ ခန့် ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါလာသူအားလုံးသေဆုံးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းတုန်းမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အိမ် ၄၀ ကျော် ပျက်စီး

**မင်းတုန်း မေ ၂၁**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် မေ ၂၀ ရက် ညနေက မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၄၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မဲဇလီကျေးရွာ၌ အိမ် ၄၀ ကျော်နှင့် ကွင်းကြီး၊ မိုးနတ်၊ စပါးတန်း၊ ညောင်ပင်သာ၊ ကြပ်ဝ၊ လေသာကုန်း၊ ဝန်တွင်း၊ သရက်အုပ်၊ စွန်သိုက်နှင့် ဒါးလည်ပြင်ကျေးရွာတို့တွင်လည်း အိမ်အချို့ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အပေးအယူရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆက်လက်ရိုက်ကူး

**နေပြည်တော် မေ ၂၁**

ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ)ရိုက်ကူးပြီး သရုပ်ဆောင် အလင်းရောင်၊ ထွန်းကိုကို၊ နေထက်လင်း၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ အေးမြတ်သူ၊ ရွှေသမီး၊ ကလေးသရုပ်ဆောင် နန်းထိပ်ထားနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်သည့် အပေးအယူရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်း အချို့ကို ယနေ့နံနက်ပိုင်းက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရိုက်ကူးကြသည်။

ယခင်က ရိုက်ကူးခွင့် လျှောက်ထားရာတွင် လနှင့်ချီပြီးကြာသော်လည်း ယခုအခါ သုံးလေးရက်အတွင်း အကြောင်းပြန်ပေးသည့်အတွက် ပိုမိုအဆင်ပြေလာကြောင်း ဒါရိုက်တာ စတီးလ်က ပြောကြားသည်။

ယနေ့ နေပြည်တော်လေဆိပ်အတွင်း ရိုက်ကူးရာတွင် အခက်အခဲအချို့ ရှိခဲ့မှုနှင့်ပတ်သက်၍ ဒါရိုက်တာ စတီးလ်က "ရန်ကုန် လေယာဉ်ကွင်းမှာ ရိုက်ရတာ အခက်အခဲရှိလို့ နေပြည်တော်မှာ လာလျှောက်တော့ ရိုက်ခွင့်ရတယ်၊ လွယ်လွယ်ကူကူပဲ။ ဒါပေမယ့် အကန့်အသတ်တွေ အများကြီးရှိနေတယ်၊ လုံခြုံရေးကိစ္စတွေကြောင့် ကျွန်တော်တို့ကို ကန့်သတ်လို့ရပါတယ်၊ ဒါပေမယ့် တချို့ကန့်သတ်ချက်တွေကတော့ ဖြေလျှော့ပေးမယ်ဆိုရင် ပိုကောင်းပါမယ်။ ဥပမာ - ဒီနေရာမှာ လုံခြုံရေးအရ ဘယ်အချိန်ကနေ ဘယ်အချိန်ထိ၊ ဘယ်နေရာကနေ ဘယ်နေရာ အထိဆိုတာ သေသေချာချာလေး တိတိကျကျ သတ်မှတ်ပေးရင် ပိုကောင်းပါမယ်။ လေဆိပ်မှာရိုက်ရတာ လေးတော့ အခက်အခဲရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ တင်ပြလိုက်မယ်ဆိုရင်တော့ ဖြည့်ဆည်းပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။



ယနေ့ ရိုက်ကူးလျက်ရှိသည့် အပေးအယူရုပ်ရှင်ဇာတ်ကားတွင် တက်သစ်စ သရုပ်ဆောင်များစွာပါဝင်ပြီး သရုပ်ဆောင် အလင်းရောင်က စိန်မှောင်ခိုတစ်ဦးအဖြစ် ပါဝင်ထားကာ ကလေးသရုပ်ဆောင် နန်းထိပ်ထားကလည်း သရုပ်ဆောင်ရွှေသမီး၏ ညီမအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အပေးအယူရုပ်ရှင်ဇာတ်ကား၌ ပါဝင်ဖြစ်ပုံကို ကလေးသရုပ်ဆောင် နန်းထိပ်ထားက "ဒီရုပ်ရှင်ကားမှာ သမီး ပထမဆုံးအကြိမ် သရုပ်ဆောင်တာပါ။ ရုပ်ရှင်ရိုက်တာမကြည့်ဖူးလို့ သွားကြည့်တဲ့အခါမှာ ဒါရိုက်တာ ဦးစတီးလ်က မမရွှေသမီးနဲ့ တူတယ်ဆိုပြီး ကမ်းလှမ်းလို့ရိုက်ဖြစ်သွားတာပါ။ သမီးက ဒီရုပ်ရှင်ကားထဲမှာ မမ ရွှေသမီးရဲ့ ညီမလေးအဖြစ် သရုပ်ဆောင်ရပါတယ်"ဟု ပြောသည်။

မြန်မာ့ရုပ်ရှင်လောက မြှင့်တင်ရေးအတွက် နေပြည်တော်တွင် ရုပ်ရှင်စတူဒီယိုများ အမြန်တည်ဆောက်ပေးစေလိုကြောင်း၊ နေပြည်တော်တွင် မြေနေရာကျယ်ကျယ်ဝန်းဝန်းရှိသည့်အတွက် ရုပ်ရှင်စတူဒီယိုများ တည်ဆောက်ရန် အခက်အခဲမရှိနိုင်ကြောင်း၊ သဘာဝကျပြီး ပရိသတ်ကို ဆွဲဆောင်နိုင်မည့် ရုပ်ရှင်ဇာတ်ဝင်ခန်းအချို့ကို စတူဒီယိုထဲတွင် ရိုက်ခွင့်ရမည်ဆိုပါက ပိုမိုအရည်အသွေးပြည့်မီသော ရုပ်ရှင်ဇာတ်ကားများ ဖန်တီးနိုင်မည့် ခေတ်မီရုပ်ရှင်စတူဒီယိုများ မြန်မြန်ပေါ်လာစေလိုကြောင်း ဒါရိုက်တာ စတီးလ်က ပြောသည်။

ရုပ်ရှင်ရိုက်ကွင်းအဖြစ် နေပြည်တော် တစ်မြို့လုံးကို သဘောကျပြီး နောက်ထပ်ရိုက်မည့် 'ငါတို့သည်' ရုပ်ရှင်ဇာတ်ကားကိုလည်း နေပြည်တော်ရှိ လေ့ခွင်းတောင်ဘက်တွင် သွားရောက်ရိုက်ကူးရန် ရည်ရွယ်ထားကြောင်း သိရသည်။ အဆိုပါ ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အလင်းရောင်၊ ခါရာနှင့် တိုင်ရွှန်စသည့် လူငယ်သရုပ်ဆောင်များစွာဖြင့် ဇူလိုင်လအတွင်း ရိုက်ကူးရန် ရည်ရွယ်ထားကြောင်း သိရသည်။

**သတင်း - နေဝင်းထွန်း၊ ဝေသူနွယ်**
**ဓာတ်ပုံ - ဇင်ဦး(မြန်မာ့အလင်း)**

# ကြောင်ကလေးများ ပျော်ရွှင်မှုဘဝအကြောင်း ခေါင်းစဉ်ဖြင့် ဂျပန်ရိုက်ကူးရေးအဖွဲ့ မှတ်တမ်းရိုက်ကူး

**နေပြည်တော် မေ ၂၁**

ဂျပန်နိုင်ငံမှ ငါးဦးပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က အင်းလေးဒေသ ညောင်ရွှေမြို့နယ် ပေါက်ပါးကျေးရွာတွင် "ကြောင်ကလေးများ ပျော်ရွှင်မှုဘဝ"အမည်ရှိ သတင်း မှတ်တမ်းရိုက်ကူးခဲ့သည်။

အဆိုပါအဖွဲ့သည် အင်းလေးဒေသရှိ ကြောင်များ၏ စရိုက်လက္ခဏာနှင့် လှုပ်ရှားမှုများ၊ ဒေသခံမိသားစုများမှ ချက်ပြုတ်စားသောက်စဉ် ၎င်းတို့နံဘေးတွင် ကြောင်များအား အစာချကျွေးသည့် ရင်းနှီးစွာဆောင်ရွက်မှုများ၊ မြန်မာတို့၏ ကြောင်များအပါအဝင် တိရစ္ဆာန်များအပေါ် ချစ်ခင်ကြင်နာယုယမှုများကို မေ ၁၉ ရက်မှ စတင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ထိုသို့ မှတ်တမ်းရိုက်ကူးခြင်းကို မေ ၂၁ ရက်မှ ၂၃ ရက်ထိ ရန်ကုန်မြို့ဝန်းကျင်တွင် ဆက်လက်ရိုက်ကူးမည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ ထုတ်လွှင့်မည့် NHK မှ BS Premium ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဂျပန်ရိုက်ကူးရေးအဖွဲ့ ကြောင်မိသားစု အစာကျွေးနေခြင်းကို မှတ်တမ်းရိုက်ကူးနေစဉ်။



# ဇော်ဂျီ ၊ မင်းသုဝဏ်တို့၏ ကဗျာများ

လင်းအေး

**မင်းသုဝဏ်၏ ကဗျာများ**

ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့ နှစ်ဦးစလုံးပင် အသက် ၁၆ နှစ်၊ ၁၇ နှစ်အရွယ် ငယ်စဉ်ကတည်းက ကဗျာရေးဖွဲ့ခဲ့ကြသူများဖြစ်သည်။ (ဆရာမင်းသုဝဏ်သည် တစ်ဆယ့်သုံးနှစ်အရွယ်ကပင် ကဗျာစတင်ရေးခဲ့သည်) ဘဝတစ်သက်တာလုံး စဉ်ဆက်မပြတ် ကဗျာတွေ ရေးခဲ့ကြပြီး အသက်ရှည်ကြသူများလည်းဖြစ်ရာ ဆရာတို့ရေးခဲ့သော ကဗျာတွေ၊ စာတွေအတော်များပါသည်။ အသက်အရွယ်အလျောက် အကြောင်းအရာအမျိုးမျိုးကို ကဗျာပုံစံအမျိုးမျိုးဖြင့် ရေးစပ်ခဲ့ကြသည်။ စာရေးသူသည် ဆရာနှစ်ဦးစလုံး၏ ကဗျာတိုင်းလိုလိုကိုပင် ကြိုက်ပါသည်။ နှစ်သက်ပါသည်။ ဆရာတို့၏ ကဗျာများကပေးသော အသိအမြင်ကို ရရှိခဲ့သလို ဆရာတို့၏ကဗျာကပေးသော ရသကိုလည်း ရရှိခံစားခဲ့ရပါသည်။ စာရေးသူရရှိခဲ့သော ထိုအသိ၊ ထိုခံစားချက်တို့သည် တန်ဖိုးကြီးမားပါသည်။ ဆရာတို့၏ကဗျာများသည် ခံစားချက်ပါသလို အတွေးလည်းပါသော ကဗျာများဖြစ်ခြင်းကြောင့် ဆရာမြဇင်ပြောသလိုပင် ကဗျာကောင်းများ ဖြစ်ကြပါသည်။ ဆရာတို့၏ ကဗျာများကောင်းနေခြင်းမှာ ဆရာနှစ်ဦးစလုံးပင် ကဗျာရေးရာ၌ အလွန်ဂရုစိုက်၊ အလွန်အားထုတ်၍ ရေးခဲ့ကြခြင်းကြောင့်ဖြစ်သည်ဟု စာရေးသူထင်ပါသည်။ ဆရာတို့သည် ကဗျာရေးရာ၌ အတွေးကိုလည်း ဂရုစိုက်သည်။ စကားလုံးတွေကိုလည်း ဂရုစိုက်သည်။ ခံစားချက်ကိုလည်း ဂရုစိုက်သည်။ ခံစားချက်ကို ဂရုစိုက်သည်ဆိုရာ၌ ခံစားချက်အတိုင်း (အကြမ်းထည်အတိုင်း) လွှတ်မပေးဘဲ သတိသမ္ပဇဉ်နှင့် ထိန်းသိမ်းစောင့်စည်းပြီးမှ ရသမြောက်အောင် ရေးဖွဲ့ခဲ့ကြခြင်းကို ဆိုလိုပါသည်။ ဆရာတို့သည် အတတ်ပညာလည်း ပြည့်ဝ၊ အနုပညာလည်း အားကောင်းကြသောကြောင့် သူတို့တစ်သက်တာတွင် အဆင့်မြင့်ကဗျာကောင်း၊ ကဗျာသန့်များစွာကို ရေးထုတ်နိုင်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

**ပါရမီရှင်တစ်ဦးဖြစ်**

ပထမဆုံးခေတ်စမ်းကဗျာဟု သတ်မှတ်ကြသည့် ‘ပိတောက်ပန်း’ ကဗျာကို ဆရာဇော်ဂျီသည် အသက် ၂၁ နှစ်အရွယ် ၁၉၂၈ ခုနှစ်တွင် ရေးဖွဲ့ခဲ့ပါသည်။ ထိုပိတောက်ပန်းကဗျာမှာပင် ဒဿနပါနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ကဗျာကို သံချိုပုံစံဖြင့် ရေးဖွဲ့ထားရာ အသံလည်းသာ အတွေးလည်းပါသော ကဗျာဖြစ်ပါသည်။ ဆရာမင်းသုဝဏ်ကဗျာရေးစ ဖွဲ့စပ်သော ကဗျာများ (၁၉၂၆-၃၀)မှာ ဂန္ထဝင်ပုံစံဖြင့် ရေးထားသော မိုးဘွဲ့၊ တောဘွဲ့၊ ရာသီဘွဲ့ ကဗျာများဖြစ်ပါသည်။ အကြောင်းအရာအနေဖြင့် မထူးခြားသော်လည်း ရေးဖွဲ့ပုံ၊ စကားလုံးသုံးနှုန်းပုံတို့မှာ အလွန်ပြေပြစ်ညက်ညောပါသည်။ ကဗျာရေးခါစ လူငယ်လေးတစ်ဦး ရေးဖွဲ့သောကဗျာတွေမှာပင် ကဗျာဆရာသည် ပါရမီရှင်တစ်ဦးဖြစ်ကြောင်း ထင်ရှားမြင်သာနေပါသည်။

ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့နှင့်အတူ ခေတ်စမ်းစာပေ၏ ရှေ့ဆောင်ရှေ့ရွက်တစ်ဦးဖြစ်သူ သိပ္ပံမောင်ဝက ‘ဦးသိန်းဟန် (ဇော်ဂျီ)သည် နက်နဲသော အကြောင်းအရာများကို ဖွဲ့ဆိုရာ၌ ကျွမ်းကျင်သကဲ့သို့ ကိုဝန်မှာ အလွမ်း၊ အဆွေး၊ ချစ်ခန်း၊ ကြိုက်ခန်းများကို ဖွဲ့ဆိုရာ၌ ကျွမ်းကျင်ပေသည်’ဟု စာဆိုနှစ်ဦးကို ထောမနာပြုခဲ့ပါသည်။ ဆရာကြီးဂျီအိပ်ချ်လုစ်က ‘သူ (မင်းသုဝဏ်)သည် ကဗျာတွင် တွေ့နေကျ၊ မြင်နေကျ သာမညများ၊ ရပ်ထဲရွာထဲက အသုံးအနှုန်းများ၊ တောဓလေ့နှင့် သားချော့တေးချင်း အတိုအထွာများကို နှစ်လို၏။ နိုင်ငံခြားသားတစ်ယောက်ပင် သူ့တေးကဗျာ၏

> **ဆရာတို့၏ ကဗျာများကောင်းနေခြင်းမှာ ဆရာနှစ်ဦးစလုံးပင် ကဗျာရေးရာ၌ အလွန်ဂရုစိုက်၊ အလွန်အားထုတ်၍ ရေးခဲ့ကြခြင်းကြောင့်ဖြစ်သည်ဟု စာရေးသူထင်ပါသည်။ ဆရာတို့သည် ကဗျာရေးရာ၌ အတွေးကိုလည်း ဂရုစိုက်သည်။ စကားလုံးတွေကိုလည်း ဂရုစိုက်သည်။ ခံစားချက်ကိုလည်း ဂရုစိုက်သည်။ ခံစားချက်ကို ဂရုစိုက်သည်ဆိုရာ၌ ခံစားချက်အတိုင်း (အကြမ်းထည်အတိုင်း) လွှတ်မပေးဘဲ သတိသမ္ပဇဉ်နှင့် ထိန်းသိမ်းစောင့်စည်းပြီးမှ ရသမြောက်အောင် ရေးဖွဲ့ခဲ့ကြခြင်းကို ဆိုလို**

သပ်ရပ်မှုကိုခံစားနိုင်သည်။ သို့သော် ထိုချိုသာခြင်းမှ အင်အားကြီးတစ်ခုထွက်၏။ နူးညံ့သိမ်မွေ့ခြင်းမှ ထွက်လာသော အင်အားကြီး၊ မိမိခံစားမှုများကိုသိ၍ ထိုခံစားမှုများကို ယုံသောသူ၊ ယင်းတို့ကို ထုတ်ဖော်ပြရဲသူတစ်ဦး၏ အား၊ မိမိအသည်းနှလုံးကိုကြည့်လျက်ရေးသော စာရေးသူ တစ်ဦး၏ အားဖြစ်လေသည်’ ဟု ချီးကျူးခဲ့သည်။ (ဂျီအိပ်ချ်လုစ်၏ မင်းသုဝဏ်စာအုပ် အမှာစာ ဩဂုတ်၊ ၁၉၃၆၊ ကိုတာမြန်မာပြန်)

**အမွှမ်းတင်ထား**

ဆရာဇော်ဂျီကလည်း ဆရာမင်းသုဝဏ်ကို ဝမ်းတွင်းပါ စာဆိုဉာဏ်ရှိသူအဖြစ် အမွှမ်းတင်ထားပါသည်။ ဆရာက ‘ကဗျာဆရာနှင့် စာဆိုခြားချင်တိုင်း ခြားလေစွ၊ စာတတ်သူ၊ ကဗျာစပ်နည်းတတ်သူတိုင်း ကဗျာဆရာဖြစ်နိုင်သည်။ သို့ရာတွင် ပင်ကိုစာဆိုဉာဏ်ပါအောင် ဖွဲ့ဆိုနိုင်သူမှသာ စာဆိုဖြစ်နိုင်သည်။ စာကိုသင်ယူလျှင် တတ်သည်။ ကဗျာစပ်နည်းကိုလည်း သင်ယူလျှင် တတ်သည်။ ဝမ်းတွင်းပါ စာဆိုဉာဏ်ကိုကား သင်ယူ၍ တတ်ဖို့ဝေးစွ။ သင်ယူ၍ပင် မရ...။ ကံကောင်းသော မြန်မာနိုင်ငံတွင် ယခုအခါ မင်းသုဝဏ်ကလောင်ဘွဲ့ဖြင့် ကဗျာဖွဲ့ဆိုလေ့ရှိသော စာဆိုသည် ထွန်းကားလျက်ရှိလေပြီ’ ဟု ဆိုခဲ့ပါသည်။

(ဇော်ဂျီ၏ နိဒါန်း-သပြေညိုနှင့် အခြားကဗျာများ ၁၉၅၁)

ဆရာဦးဝင်းဖေ(မြဇင်)က မင်းသုဝဏ်၏ ကဗျာများကို အပိုင်းသုံးပိုင်းခွဲ၍ စိတ်ဖြာသုံးသပ်ခဲ့သည်။ အပိုင်းသုံးပိုင်းခွဲ၍ သတ်မှတ်ရာ၌ ကဗျာသုံးခေတ်ကို အခြေတည်၍ သတ်မှတ်ခြင်းဖြစ်သည်။ ဦးဝင်းဖေပိုင်းခြားသော ခေတ်သုံးခေတ်မှာ ခေတ်စမ်းကြိုကဗျာခေတ် (၁၉၁၀ မှ ၁၉၃၀ ပြည့်နှစ်)၊ ခေတ်စမ်းကဗျာခေတ် (၁၉၃၀ မှ ၁၉၄၀ ပြည့်နှစ်)၊ ခေတ်စမ်းနှောင်းကဗျာခေတ် (၁၉၄၅ မှ ၁၉၇၀) (ဒုတိယကမ္ဘာစစ်ကာလကို သုညခေတ်ဟု သတ်မှတ်သည်) ကဗျာခေတ်များကို ခံစားပုံအခြင်းအရာနှင့် စကားသုံးပုံအခြင်းအရာတို့ကို ကြည့်ပြီး ပိုင်းခြားသတ်မှတ်သည်။ ဦးဝင်းဖေက ခေတ်စမ်းကြိုကဗျာခေတ်၏ ခံစားပုံမှာ သဘာဝပတ်ဝန်းကျင်၊ လူ့ပတ်ဝန်းကျင်တို့ကို ကြည့်ပြီးလျှင် အတွေ့ကို အတွေ့အတိုင်း၊ အရှိကို အရှိအတိုင်း ခံစားသည် မဟုတ်။ တကယ့်အမြင်၊ တကယ့်အတွေ့၊ တကယ့်အဖြစ် အပျက်တို့မှ ယေဘုယျသဘောကို ထုတ်ယူကာ ခံစားသော ယေဘုယျခံစားပုံဖြစ်ကြောင်း ဖော်ပြသည်။ ခေတ်စမ်းကြိုကဗျာများသည် စကားသုံးရာ၌ စကားပရိယာယ်ကြွယ်ဝရေး၊ အပြောက်အမွမ်း အဆင်တန်ဆာကြွယ်ဝရေးတို့ကို အရေးပေးသည်။ လုပ်လီလုပ်လဲ့ ကန့်ကလျစကားလုံးများကို ရှေ့တန်းတင်သည်။ ကဗျာ၏ ပြင်ပအသွင်၊ ပြင်ပလက္ခဏာတို့တွင် နစ်မွန်းနေသဖြင့် အနက်ကို အာရုံစိုက်သင့်သလောက် မစိုက်နိုင်ရှိရသည်။ ဆရာဝင်းဖေက မင်းသုဝဏ်၏ မိုးရာသီဘွဲ့ လေးချိုး၊ ချစ်လို့ခေါ်သည်၊ တောမြိုင်ခြေလမ်း၊ ခါနွေဆန်းတော့ လွမ်းမိတယ်ကဗျာတို့ကို ခေတ်စမ်းကြိုကဗျာများ၏ နမူနာအဖြစ် တင်ပြခဲ့သည်။

ခေတ်စမ်းကဗျာတွင် ကိုယ်တိုင်ကိုယ်ကြပ် ခံစားတွေးခေါ်မှတ်မိသော အခြင်းအရာများကို ဖွဲ့ဆိုသည်။ ခေတ်စမ်းကဗျာတစ်ပုဒ်ဖြစ်သော ‘ပူတော့၏’ တွင် မင်းသုဝဏ်သည် အာရုံကို ဖြစ်ပေါ်သည့်အတိုင်းခံစား၍ ခံစားရသည့် အတိုင်းလည်း ရိုးရိုးတွေးကာ ရိုးရိုးရေးသည်။ ရိုးရိုးတွေး၊ ရိုးရိုးရေးသောကြောင့်လည်း ဖြောင့်စင်းသည်။ တော်တည့်သည်။ ခေတ်စမ်းကဗျာဆရာတို့သည် စကားသုံးရာ၌ တိတိကျကျ တိုတိုတုတ်တုတ်ဖြင့် တိုက်ရိုက်ဖော်ထုတ်မှုကို ရယူနိုင်အောင် ကြိုးစားကြသည်။ စကားကို ကစားစရာအဖြစ်မသုံးဘဲ အတွေးအခေါ် အတွေ့အကြုံတို့ကို ဖော်ကျူးရန်အတွက် အသုံးပြုကြသည်။ ခေတ်စမ်းကြိုနှင့်နှိုင်းလျှင် ခေတ်စမ်းသည် စကားသုံးပုံနှင့်ပတ်သက်၍ စိတ်အလိုမလိုက် ထိန်းသိမ်းလာသည်။ ရှောင်ကြဉ်လာသည်။ နှုတ်စောင့်စည်းလာသည်။ ထို့ကြောင့်လည်း သိမ်မွေ့နက်နဲသော အကြောင်းအရာတို့ကို ကိုင်တွယ်ရာတွင် ထိမိပိုင်နိုင်လာသည်။ မင်းသုဝဏ်၏ ခေတ်စမ်းကဗျာများအဖြစ် ငယ်လင်မောင်ကြီး၊ ငွေစင်ရော်သို့၊ ဝါတွင်းချိန်၊ ပြောသံ၊ အမိကိုယ်စား၊ သပြေညို၊ ဝါကျွတ်ကန်တော့ပန်း၊ ကဗျာဉာဏ် ကဗျာတို့ကို ဆရာဝင်းဖေက ဥပမာပေးသည်။

**နိမိတ်ပုံကို ထိရောက်စွာ အသုံးပြု**

ခေတ်စမ်းနှောင်းခေတ်တွင် ခံစားပုံမှာ ပို၍လေးနက်လာသည်။ ခေတ်စမ်း၏ ဥဒါန်းသဘောကို လွန်မြောက်လာသည်။ လူတို့၏ နေ့စဉ် မြင်တွေ့ကြားနာရသော အာရုံများနှင့် ခံစားတွေးတော စိတ်ကူးမှုများကို အချင်းချင်း ဆက်စပ်ပေးလာသည်။ နေ့စဉ်ထိတွေ့ခံစားရသော အခြင်းအရာများနှင့်ပတ်သက်၍ ဆင်ခြင်စဉ်းစားတတ်လာအောင် ပြုလုပ်ပေးသည်။ တစ်ကိုယ်တော်တွေ့ထိခံစားမှုများကို အများဆိုင် တွေ့ထိခံစားမှုများဖြစ်လာအောင် ပို့ဆောင်ပေးလာသည်။ ခံစားချက်ကိုလည်း ထိန်းကွပ်လာသည်။ လွန်ကဲသည်အထိ လွှတ်မပေးတော့ဘဲ မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျကျ မျှမျှတတရှိအောင် စီရင်လာသည်။ ကဗျာကိစ္စအတွက်လိုအပ်သော ခံစားမှုအတိုင်းအတာ ရရှိအောင် နိမိတ်ပုံကို ထိရောက်စွာ အသုံးပြုလာသည်။ ပျဉ်းမငုတ်တိုကို ကြည့်ပါ။

ခေတ်စမ်းနှောင်းတွင် ပါဝင်သော မင်းသုဝဏ်၏ ကဗျာများသည် မင်းသုဝဏ်၏ ပင်ကိုစိတ်နေစိတ်ထားကို ကိုယ်စားပြုခြင်းမှ သွေဖည်ခြင်းမရှိခဲ့ပေ။ မင်းသုဝဏ်သည် ချစ်တတ်သည်၊ ခင်တတ်သည်၊ ကြင်နာတတ်သည်၊ အရာရာကို ကရုဏာဖြင့် ကြည့်တတ်သည်။ ထို့ကြောင့် မင်းသုဝဏ်၏ကဗျာများသည် အကြမ်းဖက်ကဗျာများ မဟုတ်၊ အနုဖက်ကဗျာများ ဖြစ်ကြသည်။ ဧောဒက တက်ကဗျာများမဟုတ်၊ အတည်ပြုကဗျာများ ဖြစ်ကြသည်။ ပုစ္ဆာကဗျာများမဟုတ်၊ အဖြေကဗျာများ ဖြစ်ကြသည်။

(ဝင်းဖေ ကဗျာခေတ်သုံးခေတ်၏ သရုပ်များ)

(ဦး)ဝင်းဖေသည် ဆရာမင်းသုဝဏ်၏ ကဗျာများ တိုးတက်ပြောင်းလဲလာပုံကို သုံးသပ်ဖော်ပြခဲ့ရာ၌ ဆရာ ကဗျာစတင်ရေးသားခဲ့သော ၁၉၂၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်ကာလအတွင်း ကဗျာများကို တင်ပြခဲ့ခြင်း ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်၏နောက်ပိုင်းတွင် ဆရာ မင်းသုဝဏ်သည် ကဗျာတွေဆက်လက်ရေးဖွဲ့ခဲ့ရာ ဆရာ့ ကဗျာများသည် အကြောင်းအရာပိုမိုကြွယ်ဝလာသလို ခံစားချက်များလည်း ပိုမိုထက်မြက်လာခဲ့ပါသည်။ အတွေး အခေါ်မှာလည်း ပိုမိုပြည့်ဝရင့်ကျက်လာသည်ကို တွေ့ရပါသည်။ ကဗျာရေးဟန်၊ ကဗျာပုံစံလည်း ပြောင်းသွားသည်။ အသက်ကြီးမှ ရေးသောကဗျာများက ပိုမိုလေးနက်လာသော အမြင်အတွေးတွေပါရှိလာသည်။ ဆရာသည် လေးနက်သော ဒဿနကို လွယ်ကူပေ့ါပါးသော ပုံစံဖြင့် ဖွဲ့ဆိုသည်။

**အားထုတ်ပြန်ဆို**

ဆရာ့သဘောထား ခံယူချက်တို့သည် ဗုဒ္ဓတရားတော်ဘက်သို့ ပိုမိုတိမ်းညွတ်လာသည်ကိုလည်း တွေ့မြင်ရပါသည်။ မေတ္တာ၊ ကရုဏာ၊ ခန္တီ (သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း)အတိတ်ကို ပြန်သတိရလွမ်းဆွတ်ခြင်း အတ္တကိုဖယ်ခွာ၍ ငါ မဟုတ်သော အနတ္တတရားကို မြင်အောင်ရှုကြရန် တိုက်တွန်းခြင်း စသည့်အကြောင်းအရာများကို ရေးဖွဲ့လာသည်။ ငှက်ကလေးတွေအကြောင်း၊ တိရစ္ဆာန်လေးတွေအကြောင်း ကဗျာများရေးဖွဲ့ခဲ့သလို မြတ်စွာဘုရားဖြစ်တော်စဉ် ငါးရာ့ငါးဆယ်ဇာတ်တော်များ (ဇာတ်တော်ပေါင်း ၂၄၀ ကျော်) ဓမ္မပဒ ပါဠိဂါထာတော်များ(ဂါထာ ၄၂၃ ပုဒ်) တို့ကို ပြန်ဆိုခဲ့သည်။ ဂျပန် ဟိုက္ကူ ကဗျာတွေကိုလည်း အားထုတ်ပြန်ဆိုခဲ့ပါသေးသည်။ ထူးခြားသည်မှာ ဆရာသည် အသက် ၈၀ ကျော်အရွယ်တွင် ကလေးကဗျာလေးများကိုလည်း ပြန်လည်ဖွဲ့ဆို ရေးသားခဲ့ခြင်းပင်ဖြစ်သည်။ ၁၉၃၄ ခုနှစ်တွင် ခေတ်စမ်းကဗျာစာအုပ် ထုတ်ဝေသောအခါ သိပ္ပံမောင်ဝက ခေတ်စမ်းကဗျာ ဝေဖန်ချက်ဆောင်းပါး၌ ‘ကိုဝန်၏ ကဗျာများတွင် ရှင်ပျသော ကဗျာဉာဏ်ကို မမြင်ရပေ’ ဟု မှတ်ချက်ပြုခဲ့သည်။ ထိုအချိန်က ဆရာမင်းသုဝဏ် ဟဒယနှလုံးတွင် အဆွေးခါတ်ကဲနေသည်လား မပြောတတ်ပါ။ သိပ္ပံမောင်ဝ သုံးသပ်ရေးသားခဲ့ပြီးနောက် နှစ်ပေါင်း ၅၀ အကြာတွင်ရေးသည့် ဆရာ့၏နှောင်းပိုင်း ကဗျာ တော်တော်များများနှင့် ကလေးကဗျာများတွင်မူ ရယ်ရွှင်မြူးထူးဖွယ် အကြောင်းအရာများကို အကြောင်းအရာနှင့်လိုက်ဖက်သော ‘ဟန်’ နှင့် ရေးဖွဲ့ထားသည်။ (ဖက်ရှင်မယ်၊ ကိုရေချမ်း၊ အသပြာ၏ ဂုဏ်တစ်ရပ်၊ ရွှေညော့်သည်၊ ဩော်ကျောင်းအစ်မ စသည့် ကဗျာများ)၊ ဆရာ၏ဟာသရသမြောက်ကဗျာများသည် လောဘကြီးသူ၊ ဒေါသကြီးသူ၊ အတ္တကြီးသူတို့ကို လှောင်ပြောင်သရော်ထားသော ကဗျာများဖြစ်သည်။ လှောင်ပြောင်သည်ဆိုသော်လည်း ရင့်သီးကြမ်းတမ်းစွာ ရေးသားခဲ့ခြင်းမျိုး မဟုတ်ပါ။ ပညာရှိ ကဗျာဆရာကြီးပီပီ ပျော်ရရုံ၊ ရယ်ရရုံလောက်သာ ဖွဲ့ဆိုခဲ့ပါသည်။ ဆရာမင်းသုဝဏ်၏ အစောပိုင်းကလေးကဗျာလေးများက ဖတ်ရှုသူကို ကြည်နူးစေပြီး အနှောင်းပိုင်း ကလေးကဗျာများက ဖတ်ရှုသူကို ရွှင်မြူးစေပါသည်။ ။

# ပခုက္ကူမြို့၌ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP) သင်တန်းဖွင့်

**ပခုက္ကူ မေ ၂၁**

စိုက်ပျိုးရေးဦးစီးဌာန သွင်းအားစုရောင်းချသူများနှင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများအဖွဲ့တို့ ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (Good Agricultural Practices-GAP)သင်တန်းကို ယနေ့ နံနက်ပိုင်းက ပခုက္ကူမြို့ စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ဝင်းက စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များရှင်းလင်းပြောကြားပြီး ပခုက္ကူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်က စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP)သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြေအမျိုးအစားနှင့် ဓာတ်မြေဩဇာသွင်းအားစုများ စနစ်တကျအသုံးပြု စိုက်ပျိုးနည်း၊ သီးနှံမျိုးကောင်းမျိုးသန့်များ စနစ်တကျရွေးချယ်စိုက်ပျိုးနည်း၊ GAP စိုက်ပျိုးရာတွင် တောင်သူများ လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို ဆွေးနွေးကြသည်။

အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စု ၁၈ အုပ်စုမှ တောင်သူ ၁၁၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

# မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာခရီးသွားဧည့်သည် ယမန်နှစ်ထက် ပိုမိုဝင်ရောက်

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ယခု ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ လေးလတာကာလအတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ယမန်နှစ်ကာလတူလများထက် ၆၅၀၀၀ ကျော် ပိုမိုဝင်ရောက်မှုရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန စာရင်းများအရ သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ မန္တလေးတိုင်းဒေသကြီးသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုမှာ ၁၇၃၆၆၄ ဦး ရှိခဲ့သော်လည်း ယခု ၂၀၁၉ ခုနှစ်တွင် ဇန်နဝါရီလမှ ဧပြီလအထိ ၂၄၁၅၉၉ ဦး ဝင်ရောက်လျက်ရှိသဖြင့် ယမန်နှစ်ကာလတူထက် ၆၇၉၃၅ ဦး ပိုမိုဝင်ရောက်လာပြီး ဝင်ရောက်မှုအများဆုံးမှာ လေကြောင်းလိုင်းများမှဖြစ်ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

"မန္တလေးလေဆိပ်မှာ ၂၀၁၉ ခုနှစ်ကစပြီး နိုင်ငံတကာလေကြောင်းလိုင်း ၂၀ လောက် တိုးချဲ့ပြေးဆွဲနေတယ်။ ယခင် တရုတ်လေကြောင်းလိုင်းက ငါးခုပဲရှိပေမယ့် ဒီနှစ်မှာ ၁၁ ခုထိ တိုးချဲ့ပြေးဆွဲနေသလို အခြားလေကြောင်းလိုင်း တွေလည်း တိုးချဲ့ဆင်းသက်နေကြတဲ့အတွက် လေဆိပ်ကနေ နိုင်ငံတကာခရီးသွားဝင်ရောက်မှုက လက်ရှိအနေအထားအရ ယခင်နှစ် ကာလတူထက် ၁၀၂ ရာခိုင်နှုန်း ပိုမိုဝင်ရောက်လာနေတယ်။ ဝင်ရောက်မှု အများဆုံးကတော့ တရုတ်နိုင်ငံသားတွေ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။



နိုင်ငံတကာခရီးသွားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်လာသည့်အလျောက် ရောက်ရှိလာသည့် ခရီးသွားဧည့်သည်နှင့် ကိုက်ညီမှုရှိသော ခရီးစဉ်ဒေသများ ဖြစ်ပေါ်စေရန်အတွက်လည်း ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သူအားလုံးမှ ပူးပေါင်းလုပ်ဆောင်လျက်ရှိပြီး စနစ်တကျ စီမံခန့်ခွဲနိုင်မှုပေါ်မူတည်၍ ခရီးသွားလုပ်ငန်းမှ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းမှုကိုလည်း အမှန်တကယ်ရရှိစေနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ နိုင်ငံကို လာရောက်ကြတဲ့ နိုင်ငံတကာခရီးသွားတွေအနေနဲ့ မတူညီတဲ့ ယဉ်ကျေးမှုတွေ၊ ရိုးရာအမွေအနှစ် လက်မှုပညာရပ်တွေ၊ တိုင်းရင်းသားလူမျိုးတွေရဲ့ဓလေ့ထုံးစံတွေ၊ စာပေဂီတအနုပညာရပ်တွေ၊ သဘာဝအရင်းအမြစ်တွေနဲ့ မထိတွေ့ရသေးတဲ့ ခရီးစဉ်ဒေသတွေကို လေးစားတန်ဖိုးထားတတ်တဲ့ ခရီးသွားဧည့်သည်တွေ ပိုမိုဝင်ရောက်လာမယ်ဆိုရင် ရေရှည်တည်တံ့တဲ့ ခရီးသွားလုပ်ငန်းအဖြစ် ရပ်တည်နိုင်မယ့်အပြင် အမျိုးသားအကျိုးစီးပွားကိုလည်း အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

တိုင်းဒေသကြီးအတွင်းသို့ နှစ်အလိုက် နိုင်ငံတကာခရီးသွားများ ဝင်ရောက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ၃၈၅၀၃၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၄၈၃၇၈၄ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၄၉၂၀၉၇ ဦးတို့ ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ယမန်နှစ်များထက် ပိုမိုတိုးတက်ဝင်ရောက်ရန် ခန့်မှန်းလုပ်ဆောင်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးပွဲတော်ကို မန္တလေးမြို့တွင် ဝင်ကြေးအခမဲ့ဖြင့် ခင်းကျင်းပြသမည်

**မန္တလေး မေ ၂၁**

မြန်မာနိုင်ငံအတွင်းရှိ စာအုပ်ချစ်သူပြည်သူများအတွက် နိုင်ငံတကာတွင်လူသိများသည့် Big Bad Wolf Book Sale မှ ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးပွဲတော်ကို ဒုတိယအကြိမ်မြောက် အနေဖြင့် မန္တလေးမြို့ရှိ မန္တလေးကွန်ဗင်းရှင်း စင်တာ၌ မေ ၃၁ ရက်မှ ဇွန် ၁၀ ရက်အထိ ၂၄ နာရီပတ်လုံး ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်းကျင်းပြသမည့် စာအုပ်အမျိုးအစားများတွင် ဂန္ထဝင်ဝတ္ထုများ၊ သိပ္ပံစိတ်ကူးယဉ်ဝတ္ထုများ၊ အချစ်ဝတ္ထု၊ သုတရသစာပေများ၊ဟာသသရုပ်ပြစာအုပ်များ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ချက်ပြုတ်ခြင်းဆိုင်ရာစာအုပ်များ၊ ကလေးသူငယ်များအတွက် စိတ်ဝင်စားဖွယ်ရာ ဆေးရောင်ခြယ်စာအုပ်များ၊ သင်ထောက်ကူပြုစာအုပ်များနှင့် ရုပ်ပြစာအုပ်များကို နိုင်ငံတကာတွင် ကျင်းပခဲ့သည့် ပုံစံအတိုင်း ထူးခြားစွာဖြင့် ၂၄ နာရီပတ်လုံး ပွဲတော်ရက်များ အတွင်း စုံလင်စွာခင်းကျင်းပြသသွားမည်ဖြစ်ပြီး စာအုပ်ချစ်သူများအနေဖြင့် အသစ်စက်စက် အင်္ဂလိပ်ဘာသာစာအုပ်များကို ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးနှုန်းများဖြင့် ဝယ်ယူနိုင်ကြမည်ဖြစ်ကြောင်းလည်း သိရသည်။

Big Bad Wolf Book Sale သည် အာရှတစ်ခွင်တွင် Augmented Reality (AR) လုပ်ဆောင်ချက်ဖြင့် ဖတ်ရှုရသည့် စာအုပ်များကိုအများဆုံးခင်းကျင်းပြသရောင်းချပေးလျက်ရှိပြီး နာမည်ကျော် Little Hippo AR စာအုပ်များကို တစ်ဦးတည်းအရောင်းကိုယ်စားလှယ်ဖြင့် ရောင်းချပေးလျက်ရှိသောကြောင့် စာအုပ်ဈေးပွဲတော်လာ မြန်မာကလေးငယ်များအနေဖြင့် အဆိုပါနာမည်ကျော် Little Hippo AR စာအုပ်များကို အထူးကြိုက်နှစ်သက်ကြမည်ဖြစ်ကြောင်း၊ အထက်မြန်မာနိုင်ငံရှိ စာအုပ်၊ စာပေချစ်မြတ်နိုးသူ၊ စာဖတ်သူများအတွက် ဒုတိယခြေလှမ်းအနေဖြင့် စာအုပ်ဈေးရောင်းပွဲတော်ကြီးကို ထပ်မံကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့သော ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးပွဲတော်ကို ကျင်းပခြင်းကြောင့် အထက်မြန်မာပြည်ရှိ စာဖတ်သူပရိသတ်များအနေဖြင့် စိတ်ကူးဉာဏ်ပိုမိုကောင်းမွန်ပြီး အသိပညာများ ပိုမိုတိုးပွားလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတွင် Big Bad Wolf Book Sale အား စီစဉ်ဆောင်ရွက်သည့် Read 2 Read Myanmar အဖွဲ့၏ ဒါရိုက်တာ ဦးမျိုးအောင်က ပြောကြားသည်။

မလေးရှားနိုင်ငံတွင် ၂၀၀၉ ခုနှစ်မှစတင်၍ တည်ထောင်ခဲ့သည့် Big Bad Wolf Book Sale ၏ ရည်မှန်းချက်ပန်းတိုင်မှာ ကမ္ဘာ့လူသားများ၏ အနာဂတ်ကို စာအုပ်များဖြင့် ပြောင်းလဲပေးနိုင်ရန် ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံအပြင် အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ထိုင်ဝမ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုစသည့် အာရှနိုင်ငံ များ၌ စာအုပ်ဈေးရောင်းပွဲတော်များကို ကျင်းပခဲ့ပြီး ယခုဒုတိယအကြိမ်ကျင်းပမည့် ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးပွဲတော်၌အင်္ဂလိပ်ဘာသာစာအုပ်များကို အထူးချိုသာသည့် ဈေးနှုန်းများဖြင့် စာအုပ်ချစ်သူမြန်မာပြည်သူများအတွက် ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စာအုပ်စုစုပေါင်း ၅၀၀ ကျော်ကို လှူဒါန်းရန် လျာထားကြောင်း သိရသည်။

**ပွင့်သစ္စာ**

## သတင်းလမ်းညွှန်

### မန္တလေးနည်းပညာတက္ကသိုလ်၌ စာတမ်းဖတ်ပွဲ ကျင်းပမည်

(၁၂) ကြိမ်မြောက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် ဇွန် ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးတွင် FAMILY & KIDS EXPO 2019 ပြပွဲ ကျင်းပမည်

FAMILY & KIDS EXPO 2019 ပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမ၌ မေ ၂၄ ရက် မှ ၂၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နိုင်ငံတကာ စိုက်ပျိုးရေးနှင့်လျှပ်စစ်ပစ္စည်းပြပွဲ ကျင်းပမည်

စတုတ္ထအကြိမ် နိုင်ငံတကာ မွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲနှင့် တတိယအကြိမ် မန္တလေးနိုင်ငံတကာ စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းပြပွဲများကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းပေါ်ရှိ Mandalay Convention Centre တွင် ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

### UNDP မှ ကဏ္ဍပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းရေးဆွေးနွေးမည်

UNDP မှ ကဏ္ဍပေါင်းစုံပေါင်းစပ်ညှိနှိုင်းရေးဆွေးနွေးပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်းရှိ ဟိုတယ်မန္တလေးတွင် မေ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

အမရပူရမြို့နယ်အတွင်းရှိဌာနပေါင်းစုံ အဖွဲ့အစည်းအသီးသီးနှင့် မြို့သူမြို့သားများ စုပေါင်း၍ ဒုတိယအကြိမ်မြောက် အမရပူရမြို့နယ်လုံးဆိုင်ရာသံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ကမ္ဘာကျော်ဦးပိန်တံတားအနီးတွင် ဇွန် ၁ ရက် ညနေ ၃ နာရီတွင် ပင့်သံဃာတော် အပါး ၁၅၀၀ တို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။**

# ကျောက်စိမ်းစေတီတော်မြတ်ကြီး၌ မဟာပဋ္ဌာန်းအာဂုံပြိုင်

**မန္တလေး မေ ၂၁**

မန္တလေးမြို့ ကမ္ဘာ့ပထမဦးဆုံး ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ကကြီးမှူး၍ ကျောက်စိမ်းဝန်ထမ်းများ၏ ဒုတိယအကြိမ် မဟာပဋ္ဌာန်းပါဠိတော် ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသဝတ်ရွတ်စဉ် တစ်ဦးချင်းအာဂုံရွတ်ဆိုပြိုင်ပွဲကို မေ ၁၆ ရက်မှ ၁၈ ရက်အထိ အဆိုပါကျောက်စိမ်းမွေ့ရုံ၌ ကျင်းပရာ ကျောက်စိမ်းစေတီတော်မှ အမျိုးသမီးဝန်ထမ်း ၃၁ ဦးတို့က အာဂုံဆောင် ဝတ်ရွတ်ဆိုယှဉ်ပြိုင်ခဲ့ကြသည်။

ဆုချီးမြှင့်ပွဲကို မေ ၁၉ ရက် ညပိုင်းကကျင်းပရာ ဆုရရှိကြသူများအားကျောက်စိမ်းစေတီတော်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့အတွင်းရေးမှူးဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# စေတနာမွန်လူမှုကူညီရေးအသင်းသို့ တော်ဝန်ချိုယာဉ်ငယ်အသင်းက နာရေးသုံးပစ္စည်းများပေးအပ်လှူဒါန်း



**နောင်ချို မေ ၂၁**

နောင်ချို-ပြင်ဦးလွင် တော်ဝန်ချိုယာဉ်ငယ်အသင်းက စေတနာမွန်လူမှုကူညီရေးအသင်းသို့ နာရေးသုံးပစ္စည်းများဖြစ်သည့် ခေတ်ဆီတစ်ပီပါ၊ မီးစက်တစ်လုံး၊ အအေးခေါင်းတစ်လုံး(တန်ဖိုးငွေကျပ် ၁၇ သိန်း) ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၀ ရက် နံနက် ၉ နာရီခွဲက မြို့နယ်စေတနာမွန်အခမဲ့လူမှုကူညီရေးအသင်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တော်ဝန်ချိုယာဉ်ငယ်အသင်းက နာရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်လှူဒါန်းရာ စေတနာမွန်လူမှုကူညီရေးအသင်းမှ ဦးနေဦးသာက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**စိုးဝင်း(နောင်ချို)**



ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးစန်းလွင်(ရွှေတိုင်လွင်)နှင့် အမှုဆောင်အဖွဲ့ဝင်များ မေ ၁၉ ရက် ညနေ ၅ နာရီက ကျန်းမာရေးမကောင်းသော သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်ထွေး(တင်ထွေး-မရမ်းကုန်း)၏ နေအိမ်သို့သွားရောက်၍ ထောက်ပံ့ငွေပေးအပ်လှူဒါန်းစဉ်။

ရွှေဟသာ

# Singha Laguna Phuket Open 2019 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဟိန်းစည်သူ အဆင့် (၄) ရရှိ

**ရန်ကုန် မေ ၂၁**

မေ ၁၆ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပသည့် Singha Laguna Phuket Open 2019 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမား ဟိန်းစည်သူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆင့် (၄) နေရာရရှိခဲ့သည်။

ဟိန်းစည်သူသည် ယင်းပြိုင်ပွဲတွင် ၆၉+၆၈+၆၃+၆၇ ချက် လေးရက်ပေါင်း ရိုက်ချက် ၂၆၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အဆင့် (၄) နေရာရခဲ့ခြင်းဖြစ်သည်။ ဟိန်းစည်သူသည် ပထမနေရာမှ တတိယနေရာအထိ ရရှိခဲ့သည့် ကစားသမားသုံးဦးနှင့် လျော့ရိုက်ချက် နှစ်ချက်သာကွာခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ကစားသမား ၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အိမ်ရှင်ထိုင်းနိုင်ငံမှ ဂေါက်သီးရိုက်ကစားသမားအများစု ယှဉ်ပြိုင်ခဲ့ကာ အာဂျင်တီးနား၊ တောင်ကိုရီးယား၊ အမေရိကန်၊ ဆွီဒင်၊ ဖင်လန်၊ ဂျပန် စသည့် အာရှ၊ ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများမှ ကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် မီဂွယ်ကာဘယ်လို (အာဂျင်တီးနား)က ပထမ၊ ချင်နာရတ် (ထိုင်း)က ဒုတိယနှင့် ဂျိုဟောင်ကင်မ် (တောင်ကိုရီးယား) က တတိယဆုရရှိခဲ့သည်။




အဆင့် (၄) နေရာရခဲ့သည့် ဟိန်းစည်သူသည် ဆုကြေးငွေ ထိုင်းဘတ် ၉၃၀၀၀ ရရှိခဲ့သည်။ ဟိန်းစည်သူသည် ပြည်ပနိုင်ငံများတွင် ကျင်းပသည့် နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲများတွင် စဉ်ဆက်မပြတ် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ကမ္ဘာ့အဆင့်ပြိုင်ပွဲများ အပါအဝင် နိုင်ငံတကာပြိုင်ပွဲအများစု၌ အောင်မြင်မှုရရှိခဲ့သူဖြစ်သည်။

မြန်မာဂေါက်သီးရိုက်ကစားသမားများသည် ယခုနှစ် နောက်ပိုင်းနှစ်များတွင် အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အောင်မြင်မှုများလည်း ရရှိလျက်ရှိသည်။

**သတင်း-ဖိုးသော်ဇင်**

**ဓာတ်ပုံ-** all Thailand golf tour.com

# မြန်မာ ယူ-၂၂ အသင်း ကစားသမားတစ်ဦး အားဖြည့်ပြီး လေ့ကျင့်မှု စတင်ပြုလုပ်

**ရန်ကုန် မေ ၂၁**

နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် ကစားသမားတစ်ဦး အားဖြည့်ရွေးချယ်ခဲ့ပြီး ယနေ့ ညနေပိုင်းမှစ၍ လေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းကို ကစားသမား ၂၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း စစ်ကိုင်းတောင်ပံကစားသမား မျိုးမင်းဖြိုးကို မေ ၂၁ ရက်က အားဖြည့်ရွေးချယ်ခဲ့သောကြောင့် ပဏာမကစားသမား ၂၆ ဦးအထိ ရှိလာခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဗီယက်နမ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲ၊ တောင်ကိုရီးယားကလပ် ပိုဟန်စတီလားစ်အသင်းနှင့် ခြေစမ်းပွဲတို့အတွက် ပြင်ဆင်မည်ဖြစ်ပြီး ပဏာမကစားသမား ၂၆ ဦး ရွေးချယ်ထားသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်မတိုင်မီ ကစားသမားအစုံအလင် လေ့ကျင့်မည်ဖြစ်ပြီး ကလပ်ပွဲမတိုင်ခင် နှစ်ရက်အလိုတွင် ကလပ်အသင်းများသို့ ပြန်လည်စေလွှတ်ပေးမည်ဖြစ်သည်။

ထို့ကြောင့် မေ ၃၀ ရက်တွင် တောင်ကိုရီးယားကလပ် ပိုဟန်စတီလားစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ခြေစမ်းပွဲတွင် လူမစုံသောကြောင့် ယူ-၁၈ အသင်းမှ ကစားသမားများဖြင့် ပေါင်းစပ်ကစားမည်ဖြစ်ကာ ရှမ်းယူနိုက်တက်၊ ရန်ကုန်နှင့် စစ်ကိုင်းအသင်းတို့မှ ကစားသမားများကို ပြန်လည်စေလွှတ်ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ ယူ-၂၂ အသင်းအနေဖြင့် ဇွန် ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားမည့် ဗီယက်နမ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲအတွက် အဓိက ပြင်ဆင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ပိုပေ့ဗ်က ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းတွင် **ဂိုးသမား**- ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ စိုးအာကာ (မကွေး)၊ **နောက်တန်း**- ဝင်းမိုးကျော်၊ ကျော်သူထွန်း (မကွေး)၊ ရဲရင့်အောင် (ရတနာပုံ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ဇွဲထက်မင်း (ရှမ်းယူနိုက်တက်)၊ သူရိန်စိုး (ရန်ကုန်)၊ ဇင်ရဲနောင် (အား/ကာသိပ္ပံ)၊ **အလယ်တန်း**- လွင်မိုးအောင်၊ နန်းထိုက်ဇော် (ရောဝတီ)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ကျော်မျိုးနိုင် (အား/ကာသိပ္ပံ)၊ ကောင်းထက်စိုး(ရန်ကုန်)၊ စိုးလွင်လွင်၊ နေမိုးနိုင်၊ ဇင်မင်းထွန်း (မကွေး)၊ မျိုးမင်းဖြိုး (စစ်ကိုင်း) **ရှေ့တန်း**- ဟိန်းထက်အောင် (ဟံသာဝတီ)၊ ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို (ရှမ်းယူနိုက်တက်) နှင့် အောင်ကောင်းမာန် (ရောဝတီ) တို့ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်**

## အနုပညာ

# လီမင်ဟို၏ ရုပ်ရှင်သစ်တွင် ကင်ဂိုအွန်းနှင့် တွဲဖက်သရုပ်ဆောင်မည်

မကြာမီကမှ စစ်မှုထမ်းဆောင်မှုတွေ ပြီးဆုံးပြီးနောက် ရုပ်ရှင်သစ်ကို လက်ခံရိုက်ကူးပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တဲ့ လီမင်ဟိုဟာ လက်ရှိမှာတော့ အဆိုပါရုပ်ရှင်သစ်မှာ မင်းသမီး ကင်ဂိုအွန်းနဲ့ တွဲဖက်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မင်းသားဟာ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုကို လက်ခံရိုက်ကူးပေးသွားမှာဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲကိုတော့ ၂၀၂၀ ပြည့်နှစ်အတွင်းမှ စတင်ပြသသွားမှာဖြစ်ကြောင်း ဒေသတွင်းမီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ယခုနှစ်ရဲ့ ဒုတိယနှစ်ဝက်အတွင်း ရိုက်ကူးရေးလုပ်ငန်းတွေကို စတင်သွားမယ့် အဆိုပါဇာတ်လမ်းတွဲမှာတော့ လီမင်ဟိုနဲ့တွဲဖက်ကာ "Goblin" ဇာတ်လမ်းတွဲရုပ်ရှင်နဲ့ ကျော်ကြားလာခဲ့တဲ့ မင်းသမီး ကင်ဂိုအွန်းက တွဲဖက်ပါဝင်သွားမှာဖြစ်ပါတယ်။

မေ ၇ ရက်မှာတော့ ရုပ်ရှင်ကုမ္ပဏီတစ်ခုက လီမင်ဟိုရဲ့ရုပ်ရှင်သစ်အကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ မင်းသားဟာ "The King: The Eternal Monarch" လို့ အမည်ပေးထားတဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်သွားမှာဖြစ်ပြီး ဒီဇာတ်လမ်းတွဲသစ်ရဲ့ ဇာတ်ညွှန်းရေးဆရာ ကင်အီဆွတ်ဟာ ၂၀၁၃ ခုနှစ်အတွင်းက ထုတ်လွှင့်ပြသခဲ့ပြီး လီမင်ဟိုရဲ့အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "The Heirs"ကို ရေးသားခဲ့သူလည်းဖြစ်တယ်လို့ သိရပါတယ်။

"The King: The Eternal Monarch"ဟာ ခေတ်နှစ်ခုကို အပြိုင်ပုံဖော်ထားတဲ့ ရုပ်ရှင်ဖြစ်တယ်လို့လည်း သိရပါတယ်။ နန်းတွင်းခေတ်နဲ့ ယခုခေတ်ကို အပြိုင်ထည့်သွင်းပုံဖော်ထားပြီး လီမင်ဟိုကိုတော့ ဘုရင်တစ်ပါးအဖြစ်သာမက စုံထောက်တစ်ဦးအဖြစ်လည်း တွေ့မြင်ရမှာ ဖြစ်တယ်လို့ သိရပါတယ်။



# အက်ဒ်ရှီရန်နဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ တေးဗီဒီယိုသစ် ထုတ်လွှင့်



အများက မျှော်လင့်တကြီး စောင့်မျှော်နေကြတဲ့ ကမ္ဘာကျော်ပေါ့ပ်ကြယ်ပွင့်နှစ်ဦးဖြစ်တဲ့ အက်ဒ်ရှီရန်နဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ တေးသီချင်းသစ် "I Don't Care" ရဲ့တေးဗီဒီယိုကို လတ်တလောမှာတော့ စတင်ထုတ်လွှင့်ပေးလိုက်ပြီဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာကို တွေ့ရပါတယ်။

မေ ၁၇ ရက်မှာတော့ အက်ဒ်ရှီရန်ရဲ့တေးသီချင်းသစ် "I Don't Care" ရဲ့ တေးဗီဒီယိုကို စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ ဒီတေးသီချင်းမှာတော့ ဂျက်စတင်ဘီဘာက ပါဝင်အားဖြည့်သီဆိုထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီတေးဗီဒီယိုကတော့ ယခင်တွေ့မြင်နေကြ ဗီဒီယိုတွေနဲ့မတူဘဲ အတော်လေးကွဲပြားနေပါတယ်။ တေးဗီဒီယိုမှာ ကွန်ပျူတာအထူးပြုလုပ်ချက်တွေကို အသားပေးထည့်သွင်းထားပြီး တေးသံရှင်တွေကိုလည်း ဝတ်စုံအမျိုးမျိုးနဲ့ နေရာဒေသအမျိုးမျိုးကို နောက်ခံထည့်သွင်းရိုက်ကူးထားတာကိုလည်း တွေ့ရပါတယ်။

# Psy ရဲ့ တေးအယ်လ်ဘမ်သစ် ဇူလိုင်လအတွင်း ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် တေးသံရှင်တစ်ဦးဖြစ်သူ Psy ဟာ လာမယ့် ဇူလိုင်လအတွင်းမှာတော့ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီတေးအယ်လ်ဘမ်သစ်ဟာ Psy အနေနဲ့ သူ့ရဲ့ ကိုယ်ပိုင်အေဂျင်စီကို တည်ထောင်ပြီးနောက် ပထမဆုံး ထုတ်လွှင့်သွားမယ့် တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ Psy ရဲ့ အေဂျင်စီကတော့ P-Nation လို့ အမည်ရကြောင်းလည်း သိရပါတယ်။



မေ ၂၁ ရက်မှာတော့ Psy ရဲ့ ဖျော်ဖြေရေးအေဂျင်စီက တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်အကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ အဆိုပါ အေဂျင်စီက "Psy ဟာ ဇူလိုင်အစပိုင်းမှာ ကိုးခုမြောက် တေးအယ်လ်ဘမ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်နေတာဖြစ်ပါတယ်"လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဒီတေးအယ်လ်ဘမ်သစ်ဟာ ပြီးခဲ့တဲ့ နှစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးပြန်လည်ထုတ်လွှင့်သွားမယ့် တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ Psy ဟာ ၂၀၁၇ ခုနှစ်အတွင်းမှာ "4x2=8" တေးအယ်လ်ဘမ်ကို နောက်ဆုံးထုတ်လွှင့်ခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**



## နောက်ခံလူ ဗလင်စီယာ အီကွေဒေါ်နဲ့အတူ ကိုပါအမေရိကဖလားတွင် ပါဝင်လာမည်

နောက်ခံလူ ဗလင်စီယာဟာ မန်ယူအသင်းမှာ ၁၀ နှစ်ကြာ ကစားခဲ့ပြီးနောက် အိုးထရက်ဖို့ဒ်နဲ့ လမ်းခွဲပြီးလို့ တစ်ပတ်အကြာမှာပဲ အီကွေဒေါ်နိုင်ငံလက်ရွေးစင်အသင်းက ကိုပါအမေရိကဖလားပြိုင်ပွဲကစားဖို့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် ဗလင်စီယာဟာ အီကွေဒေါ်အသင်းနဲ့အတူ ကိုပါအမေရိကဖလားပြိုင်ပွဲမှာ ပါဝင်လာမှာဖြစ်ပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နောက်တန်းကစားသမား ဗလင်စီယာဟာ အီကွေဒေါ်အသင်းခေါင်းဆောင်တစ်ဦးဖြစ်ပြီး အီကွေဒေါ်အသင်းနဲ့အတူ ၉၄ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၁၁ ဂိုးအထိသွင်းယူပေးထားတာလည်းဖြစ်ပါတယ်။

ဗလင်စီယာဟာ မန်ယူအသင်းမှာ ညာနောက်ခံကစားသမား တစ်ဦးအနေနဲ့ ကစားခဲ့ရပေမယ့်အီကွေဒေါ်အသင်းနည်းပြ ဂိုမက်ဇ်ကတော့ ဗလင်စီယာကို ညာတောင်ပံကစားသမားအဖြစ် အသုံးပြုသွားမယ်လို့လည်း ဆိုပါတယ်။ အခုနှစ်ကိုပါအမေရိကန်ဖလားပြိုင်ပွဲကို ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမှာဖြစ်ပြီး အီကွေဒေါ်အသင်းဟာ အုပ်စုအဆင့်မှာ လက်ရှိကိုပါအမေရိကဖလား ချန်ပီယံချီလီအသင်း၊ ကိုပါအမေရိကဖလားကို၁၅ကြိမ်အထိ စံချိန်တင်ဆွတ်ခူးထားတဲ့ ဥရုဂွေးအသင်း၊ ဧည့်သည်အသင်းဖြစ်တဲ့ ဂျပန်အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာဖြစ်ပါတယ်။ အီကွေဒေါ်အသင်းရဲ့ ပထမဆုံးပွဲစဉ်ကိုတော့ ဇွန်လ ၁၆ ရက်မှာ ဥရုဂွေးအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ အီကွေဒေါ်အသင်းဟာကိုပါအမေရိကဖလားကို တစ်ကြိမ်မျှဆွတ်ခူးထားခဲ့ခြင်းလည်းမရှိသေးပါဘူး။




## ပေါ့ဘာရဲ့ပြောင်းရွှေ့ကြေးကို ပေါင် ၁၃၈ သန်းတောင်းဆိုမယ့် မန်ယူ

မန်ယူအသင်းဟာ ကွင်းလယ်ကစားသမား ပေါ့ဘာရဲ့ အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး ပြောင်းရွှေ့ကြေးကို ပေါင် ၁၃၈ သန်း(ယူရိုသန်း ၁၆၀)အထိ တောင်းဆိုသွားမယ်လို့ ဆိုပါတယ်။ ပြင်သစ်ကွင်းလယ်ကစားသမားပေါ့ဘာဟာ မန်ယူအသင်းမှာ မပျော်မရွှင်ဖြစ်ခဲ့တာကြောင့် အသင်းပြောင်းရွှေ့မယ်ဆိုတဲ့ သတင်းတွေ အရင်ကထွက်ပေါ်ခဲ့ပေမယ့် အခုနှစ်ဘောလုံးရာသီမှာတော့ မန်ယူအသင်းမှာပဲ ဆက်ကစားခဲ့ပါတယ်။ ဒါပေမယ့် ဒီဇင်ဘာလအတွင်းမှာ မန်ယူအသင်းက မော်ရင်ဟိုကိုထုတ်ပယ်ပြီး ဆိုးရှားကို အစားထိုးခဲ့ပြီးနောက် ပေါ့ဘာရဲ့ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ခဲ့ရသလို နည်းပြနဲ့အဆင်မပြေမှုတွေရှိခဲ့တာကြောင့် အသင်းပြောင်းရွှေ့မယ်ဆိုတဲ့ သတင်းတွေပြန်လည်ထွက်ပေါ်လာတာဖြစ်ပါတယ်။ လက်ရှိမှာ ပေါ့ဘာကို ခေါ်ယူဖို့ ပီအက်စ်ဂျီနဲ့ ရီးယဲလ်မက်ဒရစ်တို့က စောင့်ကြည့်နေတာဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ကတော့ လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ် အဆင့် ၄ ဝင်ဖို့ ပေါ့ဘာကို ဆက်ထိန်းထားချင်ပေမယ့် ကစားသမားအနေနဲ့ ပြောင်းရွှေ့ချင်တယ်ဆိုရင် ပြောင်းရွှေ့ကြေးကို ပေါင် ၁၃၈ သန်းအထိ တောင်းဆိုသွားဖို့ရှိနေတယ်လို့ ဆိုပါတယ်။

# တစ်ပတ်အတွင်းအားကစားသတင်းများ

နိုင်လင်းကြည်

## မော်ရင်ဟိုကို ဂျူဗင်တပ်နည်းပြဖြစ်လာဖို့ ဆန္ဒရှိနေတဲ့ စီရိုနယ်လ်ဒို




ဂျူဗင်တပ်အသင်းတိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ နည်းပြ မော်ရင်ဟိုကို ဂျူဗင်တပ်အသင်းနည်းပြဖြစ်လာဖို့ ဆန္ဒရှိနေပြီး မော်ရင်ဟိုအနေနဲ့လည်း ဂျူဗင်တပ်အသင်းနည်းပြရာထူးအတွက် စဉ်းစားသင့်တယ်လို့ အကြံပြုထားပါတယ်။ ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီဟာ ဂျူဗင်တပ်အသင်းနည်းပြဘဝနဲ့ ငါးနှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် အသင်းနဲ့ လမ်းခွဲခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် စီရိုနယ်လ်ဒိုက အယ်လီဂရီရဲ့အလွန် ဂျူဗင်တပ်အသင်း နည်းပြဖြစ်လာဖို့ မော်ရင်ဟိုကို မျှော်လင့်နေတာလည်း ဖြစ်ပါတယ်။ မော်ရင်ဟိုဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာလက မန်ယူအသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ချိန် ကတည်းက အသင်းလက်မဲ့ဖြစ်နေရသူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် မော်ရင်ဟိုဟာ ၂၀၁၀ ပြည့်နှစ်မှာ အင်တာမီလန်အသင်းနဲ့အတူ ဖလားသုံးလုံးရယူနိုင်ခဲ့တာကြောင့် လက်ရှိအချိန်မှာ အီတလီမြေမှာ အောင်မြင်မှုစံချိန်ပြန်လည်ရယူဖို့ လမ်းကြောင်းပေါ်ရောက်ရှိနေခဲ့တာပါ။ စီရိုနယ်လ်ဒိုအနေနဲ့ ဂျူဗင်တပ်အသင်းနည်းပြအဖြစ် မြင်တွေ့ရဖို့ဆန္ဒရှိနေတဲ့ နောက်ထပ်နည်းပြကတော့ အန်ဆယ်လော့တီပဲ ဖြစ်ပါတယ်။ ရိုနယ်လ်ဒိုဆန္ဒရှိခဲ့ပေမယ့် အန်ဆယ်လော့တီကတော့ နာပိုလီအသင်းနည်းပြအဖြစ်ပဲ ဆက်ရှိနေဖို့ဆန္ဒရှိခဲ့တာပါ။

## ၂၀၂၀ တွင် အနားယူမည့် ဝါရင့်တိုက်စစ်မှူး ပီဇာရို

ဝါရင့်ပီရူးတိုက်စစ်မှူး ပီဇာရိုဟာ ၂၀၂၀ ပြည့်နှစ်တွင် ကစားသမားဘဝမှ အနားယူမည်ဖြစ်ပြီး အဲဒီအချိန်မှာ သူ့ရဲ့အသက်ဟာလည်း ၄၁ နှစ်ဖြစ်လာမှာဖြစ်ပါတယ်။ ပီဇာရိုဟာ စနေနေ့က ဝါဒါဘရီမင်အသင်းနဲ့ တစ်နှစ် သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုခဲ့တာဖြစ်ပေမယ့် အဲဒီလို စာချုပ်သစ်ချုပ်ဆိုပြီး နောက်တစ်နေ့မှာပဲ လာမယ့်ရာသီမှာ ကစားသမားဘဝကနေ အနားယူမယ်လို့ ကြေညာခဲ့တာ ဖြစ်ပါတယ်။ ပီဇာရိုရဲ့ ဥရောပကစားသမားဘဝဖြတ်သန်းမှုဟာဆိုရင် အနားယူတဲ့အချိန်မှာ ဆယ်စုနှစ်နှစ်စုကြာဖြတ်သန်းခဲ့ပြီးချိန်လည်း ဖြစ်ပါတယ်။ တိုက်စစ်မှူး ပီဇာရိုဟာ ဝါဒါဘရီမင်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ ကိုလုံးအသင်းတို့မှာ ဘွန်ဒက်လီဂါ ပွဲစဉ် ၄၇၂ ပွဲပါဝင်ကစားပေးခဲ့ပြီး ၁၉၇ ဂိုးအထိသွင်းယူပေးထားတာဖြစ်ပါတယ်။





## ၂၀၂၃ ခုနှစ်အထိ စာချုပ်သစ် ချုပ်ဆိုလိုက်တဲ့ တိုနီခရူးစ်

ဂျာမနီကြယ်ပွင့် တိုနီခရူးစ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ၂၀၂၃ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိကွင်းလယ်ကစားသမား တိုနီခရူးစ်ဟာ စပိန် လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းမှာ ငါးနှစ်ကြာ ပါဝင်ကစားခဲ့ရာမှာဆုဖလား ၁၂ ကြိမ်အထိ ရယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ၂၀၁၆၊ ၂၀၁၇ နဲ့ ၂၀၁၈ တို့မှာ သုံးနှစ်ဆက်တိုက် ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ တိုနီခရူးစ်ဟာ ဘရာဇီးနိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဂျာမနီအသင်းကို ကမ္ဘာ့ဖလား ရယူပေးနိုင်ခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၄ ခုနှစ်မှာ ဘိုင်ယန်မြူးနစ်အသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ၂၃၃ ပွဲ ပါဝင်ကစားပေးခဲ့ကာ ၁၃ ဂိုးသွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

## တရားတော်များအားထုတ်ရန် ဖိတ်ကြားခြင်း



ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ မဟာဝိဇယစေတီတော် ဓမ္မရက္ခိတ ဓမ္မာရုံဗိမာန်ကြီးတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသ္သယ အတိုင်း စစ်ကိုင်းတောင်ရိုး သိရီသုမနချောင် မိုးကုတ်ဝိပဿနာမဂ္ဂင် ဓမ္မရိပ်သာ၊ ရှင်သီဝလိတောရရိပ်သာ၊ မဟာဥရုဝေဠဝက်ပါတောရရိပ်သာ၊ မြစ်သားမြို့နယ်၊ သုမနကျောက်ဂူတောရရိပ်သာများ၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဘဒ္ဒန္တသုမန(မဟာကမ္မဋ္ဌာနာစရိယမဟာထေရ်) အရှင်သူမြတ်မှ (၁၀)ရက် (၂)ပွဲ နေ့မီးငြိမ်းတရားစခန်းပွဲကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်များကို ခန္ဓာညာဏ်ရောက်နာကြား အားထုတ်တော်မူနိုင်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် (ပထမပွဲ) | - | ၁၃၈၀-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၆)ရက်မှ လကွယ်နေ့အထိ။ |
| | | ၂၀၁၉-ခုနှစ်၊ မေလ(၂၄)ရက်မှ ဇွန်လ(၂)ရက်နေ့အထိ။ |
| ကျင်းပမည့်နေ့ရက် (ဒုတိယပွဲ) | - | ၁၃၈၀-ခုနှစ်၊ နယုန်လဆန်း(၆)ရက်မှ နယုန်လပြည့်နေ့အထိ။ |
| | - | ၂၀၁၉-ခုနှစ်၊ ဇွန်လ(၈)ရက်မှ ဇွန်လ(၁၇)ရက်နေ့အထိ။ |
| ကျင်းပမည့်အချိန် | - | နံနက်(၈း၃၀)နာရီမှ ညနေ(၅း၃၀)နာရီအထိ။ |
| ကျင်းပမည့်နေရာ | - | ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ မဟာဝိဇယစေတီတော်ဓမ္မရက္ခိတဓမ္မာရုံဗိမာန်ကြီး။ |

သိလိုသမျှကို ဦးမင်းမင်းမြတ် ဖုန်း-၄၀ ၂၅၇၁၁၆ ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## သင့်မိသားစု အတွက် အထူးသင့်တော်သော ပြည်လမ်း၊ လေဆိပ်အနီးရှိ လုံးချင်းများကိုဝယ်နိုင်မည်




ကနဦး စာရင်းပေးသွင်းသူများထဲမှ (၁၀) ဦးအား

သိန်း (၁၂၀၀) တန်ကို သိန်း (၉၀၀) ခန့်ဖြင့်

25.5.2019 ရက် နံနက်(၁၁) နာရီ Myamnar Culture Valley တွင် မဲဖောက်ရွေးချယ် ရောင်းချပေးသွားမည်။

စာရင်းပေးသွင်းရန် - 09 767 699 881/ 09 767 699 882

- 2BR ပါ လုံးချင်းအိမ် အသစ်စက်စက်
- ကားပါကင် (၂) စီး၊ မြေပိုင်မြေ

အချိန် - 25/ 26 May 2019 ရက်တွင် ရောင်းချပေးမည်

နေရာ - Myanmar Culture Valley/ ဦးဗိစာရလမ်း၊ ရွှေတိဂုံဘုရား အနောက်မုခ်ရှေ့

## QUEEN'S
ENGLISH SCHOOL

We offer
- general English classes for young learners aged between 4 and 15
- YLE and Cambridge exams preparation classes (Starters, Movers, Flyers, KET, PET & FCE)
- general English and academic writing classes for young adults and adults

All our classes are designed to develop learners'
- listening, speaking, reading and writing skills
- vocabulary acquisition and language awareness
- critical thinking skills
- pronunciation skills
- presentation skills

By attending our classes, learners will
- see improvement in their all-round ability in English
- have a good grasp on both fluency and accuracy
- develop confidence in their use of English

**SPECIAL DISCOUNTS FOR THOSE WHO ENROL IN JUNE**

- CAMBRIDGE ACCREDITED TEACHERS
- STUDENT-CENTRED LESSONS
- SMALL CLASS SIZES

**CALL US NOW FOR A FREE PLACEMENT TEST!**

09 5127465, 09 5092958

5-A, 1ST FL, MYITTA RD, WARD 13, SOUTH OAKKALAPA TSP, YANGON.

## အလွန်တန်သောဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

| စဉ် | မြို့နယ် | မြေ / တိုက် | ဈေးနှုန်း |
|---|---|---|---|
| 1 | စမ်းချောင်း | မြတ်မင်္ဂလာ ကွန်ဒို 5th floor | (4000)သိန်း |
| 2 | စမ်းချောင်း | Sanchaung Garden Condo 3rd floor | (1800)သိန်း |
| 3 | မြောက်ဒဂုံ | မြေ (2400) Sqft | (950) သိန်း |
| 4 | ရွှေပေါက်ကံ | မြေ (4800) Sqft | (1200)သိန်း |
| 5 | တွံတေး (ပျော်ဘွယ်လေး) | မြေ (6.88) Acres | (3120)သိန်း |
| 6 | တွံတေး (ဝိတ်ဆွယ်) | မြေ (0.55) Acres | (5080)သိန်း |
| 7 | တောင်ကြီး (ညောင်ရွှေ) | မြေ (6.88) Acres | (3300)သိန်း |
| 8 | နေပြည်တော် (ပုဗ္ဗသီရိ) | မြေ (8.15) Acres / တိုက် (120×240) | (8000)သိန်း |
| 9 | နေပြည်တော် (ရာဇသင်္ဂဟလမ်း) | မြေ (1) Acre / တိုက် (2) ထပ် (2000) Sqft | (4000)သိန်း |

ဆက်သွယ်ရန်ဖုန်း - ၀၉ ၉၆၆ ၇၇၇ ၉၆၉

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ တရုပ်မှော်အုပ်စု လက္ခပွင့်ရွာနေ ဦးမြင့်ကို၏သမီးဖြစ်သူ မသီတာမြင့်[၇/ရတန(နိုင်)၀၇၇၆၂၆]နှင့် မခင်သီတာမြင့်မှာ တစ်ဦးတည်းဖြစ်ကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်း

ဦးဆန်ပန်း [၁၃/ကသန(နိုင်)၀၀၈၃၃၅]၏ သမီး ဒေါ်နန်းခမ်းပူး(ခ) ဒေါ်နန်းခမ်းဖူးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နန်းခမ်းပူး(ခ)ဒေါ်နန်းခမ်းဖူး

### အောင်ဝင်း

မှ ကားများ နှစ်ချို့ငှားရမ်းလို ဆန္ဒရှိတဲ့ လူကြီးမင်းများ ယုံကြည်စိတ်ချစွာ အပ်နှံနိုင်ပါသည်။ Proboxနှင့် Hondafit ကို ဦးစားပေးဆောင်ရွက်သည်။ ဖုန်း-၀၉-၉၆၃၈၆၉၆၅၆၊ ၀၉-၉၆၀၉၀၇၇၇၇

### အများသိစေရန်

ကျွန်မ ဟမ်မီသာဘီဘီ(ခ)ဒေါ်သင်းစုအေး(၇/ပခန(နိုင်)၁၇၉၃၁၇)သည် ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးသိန်းမြင့်(ခ)ဟာဂျီစလင်း(၁၂/မဂဒ(နိုင်)၁၀၆၈၉၆) နှင့်ဥပဒေနှင့်အညီ တရားဝင်ကွာရှင်းပြတ်ဆဲထားခြင်းမရှိပါသဖြင့် ၁၅.၅.၂၀၁၉ ကြေးမုံသတင်းစာပါကြေငြာချက်အားလက်မခံနိုင်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ဟမ်မီသာဘီဘီ(ခ)ဒေါ်သင်းစုအေး(၇/ပခန(နိုင်)၁၇၉၃၁၇)

### သာလွန်ကျော်

အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းလေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။

09-420780797
09-254285314

### မညွန့်

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ် (အရှေ့၊တောင်မြောက်၊ဆိပ်ကမ်း)တို့တွင် မြေကွက်များဝယ်လိုသည်။
ပွဲခပေးရန်မလို
09250370756

### သီဟလင်း

အိမ်ငြောင်း / အိမ်ငွေလုပ်ငန်း
(10',14',16',18',22')တား များဖြင့်လုပ်သားအပြီးအစီး မြို့တွင်း / နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

### အဆောက်အဦးတစ်ခုလုံးသော်၄င်း တစ်လွှာချင်းသော်၄င်း ငှားမည်

09 515 7160
09 96 515 7160
09 76 515 7160




ထာဝရကုသိုလ် ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ် ၉၅ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



(၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ် ၉၅ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပစဉ်။

**ရန်ကုန် မေ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သော (၇၁)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်သူမြတ် ၉၅ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပုစ္ဆာထုတ် ဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ ပင့်သံဃာတော်များ၊ (၇၁)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**

## သတင်းစာ ရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့၏ တတိယ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့လက်ရွေးစင်အသင်း စင်ကာပူအသင်းနှင့် ခြေစမ်းပွဲ ကစားမည်

**ရန်ကုန် မေ ၂၁**

မတ်လတွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားပြီးနောက်ပိုင်း နိုင်ငံတကာပွဲများကစားခြင်းမရှိတော့သည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၁၁ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲအတွက် တစ်ပတ်ကျော် အချိန်ယူပြင်ဆင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခြေစစ်ပွဲအုပ်စုပွဲစဉ်များ မကစားမီတိုင်း နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် အဓိကနိုင်ငံတကာပြိုင်ပွဲများ၌ တွေ့ဆုံခြင်းမရှိသော်လည်း ခြေစမ်းပွဲများကစားလျက်ရှိသလို ဖိတ်ခေါ်ပြိုင်ပွဲတွင်လည်း တွေ့ဆုံခဲ့သည်။ မြန်မာအသင်းသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့သွားရောက်၍ စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ပြီး ယခုခြေစမ်းပွဲကိုလည်း မြန်မာအသင်းနည်းပြချုပ်သစ် မွန်တီနီဂရိုးနိုင်ငံသား ရာဒူလိုဗစ်၏ ပထမဆုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၂၅ ဦးဖြင့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ »»**



မြန်မာနှင့် စင်ကာပူအသင်းတို့ ၂၀၁၆ ခုနှစ်က စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲကစားနေစဉ်။

MTB
MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်
"သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့"
Address: No.437(Ka), Pyay Road, 8 Ward, Kamayut Township, Yangon, Myanmar. Tel: 09 682 682 682
Email : info@mtb-bank.com, Facebook : www.facebook.com/MyanmaTourismBank, Website : www.mmtourismbank.com